# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၃)၊ အမှတ်(၁၃၄)


## ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်း

အမိန့်ကြော်ငြာစာအမှတ် ၂၇ /၂၀၂၄

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်။

(ပုံ)

မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်များ ခင်းကျင်းပြသရောင်းချပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းရောင်းချပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်များ ခင်းကျင်းပြသရောင်းချပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းရောင်းချပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြခန်းများနှင့် ရိုးရာအစားအစာ ပြခန်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။




❁ ရွှေဖုံးမှ

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြခန်းတာဝန်ခံများနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွှန့်ဖေ၊ Jeng Phang နော်တောင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွှန့်ဖေ၊ Jeng Phang နော်တောင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များ၏ "ပြည်ထောင်စုရဲ့ ထာဝရအလှ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။**

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များ၏ **"ပြည်ထောင်စုရဲ့ ထာဝရအလှ"** တေးသီချင်းဖြင့် ကပြဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်အရောင်းပြခန်းများနှင့် ရိုးရာအစားအစာအရောင်းပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

**ကျင်းပပြုလုပ်**

အဆိုပါ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြခန်းများနှင့် ရိုးရာအစားအစာ ပြခန်းများကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်သည့် MSME တန်ဖိုးမြင့်ထုတ်ကုန်များ၊ ပြည်ပပို့ကုန်များ အပါအဝင် OROP ထုတ်ကုန်များနှင့် ဒေသထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ အရည်အသွေးမြင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန် ရရှိရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလုပ်ငန်းရှင်များတွေ့ဆုံ၍ သတင်းအချက်အလက်များ ဖလှယ်ရယူနိုင်ရေးနှင့် ညှိနှိုင်းပေါင်းစပ်နိုင်ရေး ဆောင်ရွက်ရန်၊ အမျိုးဂုဏ် ဇာတိဂုဏ် တိုးတက်မြင့်မားစေရေးကို အထောက်အကူဖြစ်စေပြီး သက်ဆိုင်ရာ ဒေသအလိုက် ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်သည့် ဒေသထွက် ရိုးရာလက်မှုပညာပစ္စည်းများကိုလည်း ခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ဒေသထွက်ရိုးရာအစားအစာများကို ပြည်ထောင်စု၏ အနှစ်သာရပြည့်စုံစွာဖြင့် တိုင်းရင်းသားပြည်သူလူထုသို့ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

MSME ထုတ်ကုန်အရောင်းပြခန်းများအနေဖြင့် သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ထုတ်ကုန်အရောင်းပြခန်း၊ စက်မှုဝန်ကြီးဌာန ထုတ်ကုန်အရောင်းပြခန်း၊ နေပြည်တော်ကောင်စီနယ်မြေ ထုတ်ကုန်အရောင်းပြခန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ထုတ်ကုန်အရောင်းပြခန်း ၁၄ ခန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC) ထုတ်ကုန်အရောင်းပြခန်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ထုတ်ကုန်အရောင်းပြခန်းများအပြင် တိုင်းရင်းသားရိုးရာ အစားအသောက်အရောင်းဆိုင်ခန်းများ အနေဖြင့် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာအစားအသောက်ပြခန်း ၁၉ ခန်းတို့ကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၁၀ နာရီထိ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ရောင်းချဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြခန်းများနှင့် ရိုးရာအစားအစာပြခန်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ သီဆိုကပြဖျော်ဖြေတင်ဆက်ကြမည့် တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့တွင် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနား၌ ပါဝင်ဆင်နွှဲကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ၎င်းတို့ တည်းခိုနေထိုင်ကြသည့် နေပြည်တော်အားကစားရွာသို့သွားရောက်၍ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် နေပြည်တော် မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပမည့် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုညစာစားပွဲအခမ်းအနား ခင်းကျင်းပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနား၌ ပါဝင်ဆင်နွှဲကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနား ခင်းကျင်းပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားအပြီးတွင် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ဝတ်စုံပြည့် အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အဆိုပါ ကပြဖျော်ဖြေကြသည့်အဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုသို့ လေ့ကျင့်ပြင်ဆင်ဆောင်ရွက်နေမှုများကို (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင် အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၀ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

**နေပြည်တော်ကောင်စီဝင် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နေပြည်တော်ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးထားသည့် ကြည်း ၂၃၇၆၇ ဗိုလ်မှူးကြီး မျိုးဝင်း **အစား** ကြည်း ၃၀၄၁၃ ဗိုလ်မှူးကြီး ရဲမိုး အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နေပြည်တော်ကောင်စီဝင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၁ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

**နေပြည်တော်ကောင်စီဝင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ **လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ** အား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်–

| | | | |
|---|---|---|---|
| ( ၁ ) | **နေပြည်တော်ကောင်စီဝင်** | | |
| | ရဲမှူးကြီး ကိုကိုလွင် | **အစား** | ဦးမင်းဦး |
| ( ၂ ) | **ကချင်ပြည်နယ်အစိုးရအဖွဲ့** | | |
| | ရဲမှူးကြီး ကျော်ထွန်း | **အစား** | ဦးခင်မောင်ထွေး |
| ( ၃ ) | **ကယားပြည်နယ်အစိုးရအဖွဲ့** | | |
| | ရဲမှူးကြီး မောင်မောင်ဦး | **အစား** | ဦးအောင်မျိုးသန်း |
| ( ၄ ) | **ကရင်ပြည်နယ်အစိုးရအဖွဲ့** | | |
| | ရဲမှူးကြီး ဝင်းကျော်နိုင် | **အစား** | ဦးညီညီဇော် |
| ( ၅ ) | **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ရဲမှူးကြီး အောင်မြင့်နိုင် | **အစား** | ဦးခင်မောင်အေး |
| ( ၆ ) | **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ရဲမှူးကြီး မြင့်ထွန်း | **အစား** | ဦးအောင်ဇော်လှိုင် |
| ( ၇ ) | **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ရဲမှူးကြီး ကျော်ထွဋ် | **အစား** | ဦးတင်ဆွေ |
| ( ၈ ) | **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ရဲမှူးကြီး လင်းထွဋ် | **အစား** | ဦးအောင်သူဦး |
| ( ၉ ) | **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ရဲမှူးချုပ် စိန်လွင် | **အစား** | ဦးအောင်ဇော်ဦး |
| (၁၀) | **မွန်ပြည်နယ်အစိုးရအဖွဲ့** | | |
| | ရဲမှူးကြီး မျိုးဆွေ | **အစား** | ဦးတင်စန်းနိုင် |
| (၁၁) | **ရခိုင်ပြည်နယ်အစိုးရအဖွဲ့** | | |
| | ရဲမှူးကြီး သက်လွင် | **အစား** | ဦးအောင်ကျော်မိုး |
| (၁၂) | **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ရဲမှူးချုပ် မျိုးမင်းထိုက် | **အစား** | ဦးကျော်ကျော်စိုး |
| (၁၃) | **ရှမ်းပြည်နယ်အစိုးရအဖွဲ့** | | |
| | ရဲမှူးချုပ် တင်ကိုကို | **အစား** | ဦးနေဝင်းအောင် |
| (၁၄) | **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ရဲမှူးကြီး တင်ဇော်ထွန်း | **အစား** | ဦးနေမျိုးအောင် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နေပြည်တော်ကောင်စီဝင်နှင့် လူမှုရေးရာဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၂ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

**နေပြည်တော်ကောင်စီဝင်နှင့် လူမှုရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ **လူမှုရေးရာဝန်ကြီးများ** အား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်–

| | | | |
|---|---|---|---|
| ( ၁ ) | **နေပြည်တော်ကောင်စီဝင်** | | |
| | ဦးအောင်ခိုင်ဆွေ | **အစား** | ဦးဟန်သူ |
| ( ၂ ) | **ကချင်ပြည်နယ်အစိုးရအဖွဲ့** | | |
| | ဦးသန့်ဇင်ကိုကို | **အစား** | ဦးမိုးမင်းသိန်း |
| ( ၃ ) | **ကရင်ပြည်နယ်အစိုးရအဖွဲ့** | | |
| | ဦးကျော်မြင့် | **အစား** | ဦးစောထွန်းအောင် |
| ( ၄ ) | **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ဦးဆန်းအောင် | **အစား** | ဦးညွန့်ဝင်းအောင် |
| ( ၅ ) | **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ဦးသန့်ဇင် | **အစား** | ဦးသက်နိုင် |
| ( ၆ ) | **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ဦးအောင်ဝင်းဦး | **အစား** | ဦးမျိုးအောင် |
| ( ၇ ) | **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ဦးစိုးလွင် | **အစား** | ဦးအောင်ကျော်မိုး |
| ( ၈ ) | **မွန်ပြည်နယ်အစိုးရအဖွဲ့** | | |
| | ဦးမြတ်သွင် | **အစား** | ဦးစောကြည်နိုင် |
| ( ၉ ) | **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ဦးမောင်မောင်သန်း | **အစား** | ဦးငွေအောင် |
| (၁၀) | **ရှမ်းပြည်နယ်အစိုးရအဖွဲ့** | | |
| | ဦးအေးလှိုင် | **အစား** | ဦးမင်းမင်းလွင် |
| (၁၁) | **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့** | | |
| | ဦးအောင်ဝင်းသိန်း | **အစား** | ဦးခင်မောင်ကြည် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၃ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

**ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ဖြူမာဝေ အား ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ရေယာဉ်ရှစ်စင်း လုပ်ငန်းခွင်စတင်ဝင်ရောက်ခြင်းအခမ်းအနား ကျင်းပ

## ဆိပ်ကမ်းလုပ်ငန်းများနှင့် ရေကြောင်းပြလုပ်ငန်းများတွင် ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများပေးနိုင်စေရန် အင်အားဖြည့်တင်းခြင်းဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ၆၀ မီတာ ဘက်စုံသုံးဗော်ယာ မ၊ ချရေယာဉ် (60M Multipurpose Buoy Handling Vessel) ("ဂန္ဓ"ရေယာဉ်) တစ်စင်း၊ မြေတူးမြေခံရေယာဉ် နှစ်စုံနှင့် ဆိပ်ကမ်းလုပ်ငန်းသုံး ရေယာဉ် (Habour Launch) သုံးစင်း၊ စုစုပေါင်း ရေယာဉ်ရှစ်စင်း လုပ်ငန်းခွင်စတင်ဝင်ရောက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းကျန်းမာရေး ဆိပ်ခံတံတား၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဌာန၊ အဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရေယာဉ်ရှစ်စင်း လုပ်ငန်းခွင်စတင်ဝင်ရောက်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ဆိပ်ကမ်းလုပ်ငန်း တိုးတက်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက မြန်မာနိုင်ငံသည် စုစုပေါင်းရေမိုင် ၁,၂၆၀ မိုင် ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပြီး ပထဝီအနေအထားအရ လူဦးရေထူထပ်သည့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းမြေချင်းထိစပ်နေသကဲ့သို့ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ပို့ဆောင်ရေးကွန်ရက်နှင့် ကောင်းစွာချိတ်ဆက် ဆောင်ရွက်ပေးနိုင်သော ပင်လယ်ထွက်ပေါက် ပိုင်ဆိုင်ထားသည့် ကမ်းရိုးတန်းနိုင်ငံ (Rimland Country)၊ တစ်နည်းအားဖြင့် ပင်လယ်ရေကြောင်းပိုင်နက် နိုင်ငံ (Maritime State) တစ်နိုင်ငံလည်းဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်း ပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခန်းကဏ္ဍနှင့် တိုက်ရိုက်ချိတ်ဆက်မှုရှိနေပြီး နိုင်ငံ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါကြောင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှု နည်းလမ်းများအနက် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုး၏ ၇၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ ၈၀ ရာခိုင်နှုန်းရှိကြောင်းကို United Nation Conference on Trade and Development (UNCTAD) က နှစ်စဉ်ထုတ်ပြန်သည့် Review of Maritime Transport အရ သိရှိရကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံရှိသည့်အနက် Normal Trade ၏ အဓိကဖြစ်သော ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်၊ ရာခိုင်နှုန်းအားဖြင့် ၇၅ ရာခိုင်နှုန်းရှိကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကို မြှင့်တင်နိုင်ပြီး နိုင်ငံ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့အောင် အထောက်အကူပြုနိုင်ရန် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ (Port Industry) ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နှစ်စဉ်တိုးတက်လာနေသည့် နိုင်ငံ၏ ကုန်သွယ်မှုပမာဏကို နိုင်နင်းစွာကိုင်တွယ်ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဆိပ်ကမ်းတံတားများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရေလမ်းကြောင်းများကို ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ခြင်း၊ ကုန်ကိုင်တွယ်စက်ကိရိယာများနှင့် လုပ်ငန်းသုံးရေယာဉ်များ၊ စက်ကိရိယာများ ဖြည့်တင်းခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များကို စုဆောင်းလေ့ကျင့် ပျိုးထောင်ပေးခြင်းနှင့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကိုလည်း ကုန်သွယ်မှုပမာဏ တိုးတက်မှုနှင့် လိုက်လျောညီထွေ ထိရောက်အကျိုးရှိစွာ အသုံးချခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်း။

**ရေယာဉ်အင်အားဖြည့်တင်း**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ကမ်းလုပ်ငန်းများနှင့် ရေကြောင်းပြလုပ်ငန်းများတွင် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်စေရေးအတွက် ခေတ်မီရေယာဉ် အသစ် ရှစ်စင်းကို စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၇ သန်း အကုန်အကျခံကာ တည်ဆောက်၍ ရေယာဉ်အင်အားဖြည့်တင်း ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် Stakeholder များဖြစ်ကြသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပုဂ္ဂလိကဆိပ်ကမ်းတံတားများကမိမိတို့၏ဝန်ဆောင်မှုစနစ်နှင့် စွမ်းဆောင်ရည်ကို နိုင်ငံတကာ ကုန်သွယ်မှုအတွက် လိုအပ်ချက် စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေ အဆင်သင့်ဖြစ်စေရန် အဆင့်မြှင့်တင်ခြင်း၊ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် နည်းပညာနှင့် စက်ကိရိယာများကို တပ်ဆင်အသုံးချခြင်း၊ ဒေသတွင်း ခေတ်မီဆိပ်ကမ်းများနည်းတူ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းခြင်း(Digital Transformation) နည်းလမ်းဖြင့် Electronic Port(e-Port) အဆင့်မှသည် Smart Port အဆင့်သို့ တက်လှမ်းနိုင်စေရေး အတွက် နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးမှုများနှင့် အတူ အားလုံးဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ရေယာဉ်ရှစ်စင်း၏ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ရေယာဉ်ရှစ်စင်း တည်ဆောက်ခြင်းဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ပြသ၍ ပြည်ထောင်စုဝန်ကြီးထံ အခမ်းအနား အမှတ်တရလက်ဆောင်အဖြစ် "ဂန္ဓ"ရေယာဉ်၏ ပုံစံငယ်ကို ပေးအပ်သည်။





**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လုပ်ငန်းခွင်စတင်ဝင်ရောက်မည့် ရေယာဉ်ရှစ်စင်းတို့ကို "ဂန္ဓ"ရေယာဉ် Main Deck ပေါ်မှ တစ်ပြိုင်နက် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ရေယာဉ်များပေါ်သို့ လှည့်လည်ကြည့်ရှုကာ**(ဝဲပုံ)** ဆိပ်ခံတံတားပေါ်ရှိ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်မှုအင်ဂျင်နီယာဌာန သိမ်ဖြူသင်္ဘောကျင်း စုပေါင်းခန်းမသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက သိမ်ဖြူသင်္ဘောကျင်း၏ သမိုင်းအကျဉ်း၊ သင်္ဘောလွှန်းကျင်းများ၏ လက်ရှိအခြေအနေ၊ ရေကြောင်းဖော်ယာများနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများ ပြုပြင်ခြင်း၊ ဌာနပိုင်ရေယာဉ်များကို ပုဂ္ဂလိကနှင့် ပူးပေါင်း၍ တည်ဆောက်ပြုပြင် ထိန်းသိမ်းပေးနိုင်မှုနှင့် ဌာနနှင့် နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရာဖွေပေးနိုင်ရေးအတွက် လွှန်းကျင်းများနှင့် အလုပ်ရုံများကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဦးစွာတင်ပြပြီး အင်ဂျင်နီယာချုပ် (စက်မှု) က စက်မှုအင်ဂျင်နီယာ ဌာနလက်အောက်ရှိ သိမ်ဖြူသင်္ဘောကျင်း၊ အံ့ကြီးသင်္ဘောကျင်းနှင့် စက်ဆန်း သင်္ဘောကျင်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ဝင်ငွေတိုးတက်ရရှိရေး ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။





**လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအားလုံးသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်နှင့် ဝန်ထမ်းကျင့်ဝတ်ကို အလေးထားလိုက်နာကြရန်၊ ဌာန၏ ရည်မှန်းချက် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် အပြည့်အဝ အောင်မြင်မှုရရှိရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍနှင့် အလေးထားပူးပေါင်းဆောင်ရွက်သွားရန်၊ သမားရိုးကျစီမံခန့်ခွဲမှုစနစ်မှ အီလက်ထရောနစ် စီမံခန့်ခွဲမှု e-Governance စနစ်ဖြင့် ပြောင်းလဲကျင့်သုံး ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအားလုံး လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားနေစေရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်နေရန်၊ လုပ်ငန်းသုံးစက်ကိရိယာများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက်လည်း စနစ်တကျ ကိုင်တွယ်ထိန်းသိမ်း အသုံးချရန်တို့အား မှာကြားပြီး သိမ်ဖြူသင်္ဘောကျင်းအတွင်းရှိ လွှန်းကျင်းများနှင့် အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်ချက်များ မှာကြား**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်းသို့ ရောက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးက ဒလသင်္ဘောကျင်း၏ သမိုင်းကြောင်းနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားပြီး ဒလသင်္ဘောကျင်းအတွင်းရှိ လွှန်းကျင်းနှင့် လွှန်းလမ်းများအခြေအနေ၊ သင်္ဘောတည်ဆောက်၊ ပြင်ဆင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲသို့ အများပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်လေ့လာကြည့်ရှု ဝယ်ယူကြသဖြင့် အထူးစည်ကားလျက်ရှိသည်။



**ပြည်သူများလေ့လာကြည့်ရှု**

အဆိုပါပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာ တိုင်းရင်းသားရိုးရာ ပြခန်းများအလိုက် ခင်းကျင်းပြသ ရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရ ဗဟုသုတများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များ အကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာပြခန်းအသီးသီး၌လည်း ဒေသအလိုက် ထွက်ရှိသည့် ရိုးရာအစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များ အကြောင်းကို ပွဲတော်လာပြည်သူများ ဗဟုသုတအဖြစ် သိရှိနိုင်ရေးအတွက် အသေးစိတ်ခင်းကျင်းပြသထားသည်ကိုလည်း တွေ့မြင်ရသည်။

**ဖျော်ဖြေတင်ဆက်ပေး**

အဆိုပါပြခန်းများ၌လည်း မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့်သီချင်းများ ဖွင့်လှစ်ဖျော်ဖြေတင်ဆက်ပေးကြရာ ပွဲတော်လာပြည်သူများအနေဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးညီညွတ်သည့်သွေးချင်းညီအစ်ကိုစိတ်ဓာတ်များ ခံစားရရှိစေခဲ့ပြီး ပြည်ထောင်စု၏ အနှစ်သာရကိုလည်း ပိုမိုပေါ်လွင်စေခဲ့သည်။

**ဈေးနှုန်းချိုသာစွာ ရောင်းချပေး**

အလားတူ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာများ၊ တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသူများဖြင့်လည်း စည်ကားလျက်ရှိရာ ဒေသအလိုက် ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်ပေးရာရောက်သည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

**ပျော်ရွှင်စွာပါဝင်ဆင်နွှဲ**

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့်တေးသီချင်းများဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍ လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများပျော်ရွှင်စွာဖြင့် တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

**ဆေးပေးခန်းများဖွင့်ထား**

ထို့ပြင် ရောင်းချပွဲသို့ လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျလုံခြုံရေး စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့်လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက်လည်း ကျန်းမာရေး ဆေးပေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့ရှိရသည်။

အဆိုပါ ပွဲတော်ကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ MSME တန်ဖိုးမြင့်ထုတ်ကုန်များ၊ ပြည်ပပို့ကုန်များအပါအဝင် One Region One Product ထုတ်ကုန်များနှင့် ဒေသထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ အရည်အသွေးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်ရရှိရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလုပ်ငန်းရှင်များတွေ့ဆုံ၍ သတင်းအချက်အလက်များ ဖလှယ်ရယူနိုင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းနိုင်ရေး ဆောင်ရွက်ရန်၊ အမျိုးဂုဏ်ဇာတိဂုဏ် တိုးတက်မြင့်မားစေရေးကို အထောက်အကူဖြစ်စေပြီး သက်ဆိုင်ရာ ဒေသအလိုက် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်သည့် ဒေသထွက်ရိုးရာလက်မှုပညာပစ္စည်းများကိုလည်း ခင်းကျင်းပြသနိုင်ရေးဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ဒေသထွက်ရိုးရာအစားအစာများကို ပြည်ထောင်စု၏ အနှစ်သာရပြည့်စုံစွာဖြင့် တိုင်းရင်းသားပြည်သူလူထုသို့ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန် ရည်ရွယ်၍ MSME ထုတ်ကုန်အရောင်းပြခန်း ၃၄ ခန်း၊ ရိုးရာအစားအစာပြခန်း ၁၉ ခန်းတို့ဖြင့် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အတွက် မိဘပြည်သူများ (အခမဲ့) လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်း– အောင်ရဲသွင်၊ အေးအေးသန့်**

**ဓာတ်ပုံ – ကိုကြီးထိန်**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်ဖွင့်ပွဲမှ ပြည်ထောင်စုစိတ်ဓာတ်နှင့် စပ်လျဉ်းသည့် ရင်တွင်းစကားသံများ


ဦးမျိုးမြင့်အောင်


ဦးလျန်ကျင့်မန်


ဒေါ်ညွန့်ညွန့်ရီ


မနေခြည်လင်း


မဖူးသစ်အောင်


မောင်မျိုးသန့်ကျော်


မဂျူဂျူထက်


မဖြိုးအိသန္တာဝင်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်တွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့ ဖွင့်ပွဲအခမ်းအနား၌ တက်ရောက်လာကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် စပ်လျဉ်းသည့် ရင်တွင်းစကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်။

**ဦးမျိုးမြင့်အောင်(ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး)**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ MSME လုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေပြသရောင်းချတဲ့ ပွဲဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၀ ရက်ကနေ ၁၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချပေးသွားမှာပါ။ ပြည်ထောင်စုနေ့မှာ ည ၁၀ နာရီခွဲအထိ နာမည်ကြီးအဆိုတော်တွေရဲ့ တေးဂီတဖျော်ဖြေပွဲ၊ တိုင်းရင်းသားရိုးရာကပွဲနဲ့ မီးရှူးမီးပန်းတွေလည်း ဂုဏ်ပြုပစ်ဖောက်သွားမှာဖြစ်ပါတယ်။ ပြီးတော့ လာရောက်တဲ့ပြည်သူတွေကို စတုဒိသာ ကျွေးသွားမှာပါ။

ကျွန်တော်တို့နိုင်ငံရဲ့ MSME လုပ်ငန်းရှင်တွေ ထုတ်လုပ်တဲ့ပစ္စည်းတွေကို အခုလိုပြပွဲကနေ ပြည်သူသိရှိ ရောင်းချနိုင်မှုကနေ သူတို့လုပ်ငန်းတွေ ထပ်မံတိုးချဲ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ သွင်းကုန်အစားထိုးပစ္စည်းတွေလည်း ဖြစ်ပါတယ်။ ဝယ်ယူသုံးစွဲမှု များလာတာဟာလည်း လုပ်ငန်းရှင်တွေအတွက် ဝမ်းသာစရာပါ။ နိုင်ငံတော်အတွက်လည်း အကျိုးရှိစေပါတယ်။ အခုပြပွဲကို လာရောက်ကြည့်ရှုပြီး ပျော်ရွှင်စွာဆင်နွှဲဖို့လည်း ဖိတ်ခေါ်ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ ပြည်ထောင်စုစိတ်ဓာတ်ဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် အရေးကြီးဆုံးဖြစ်ပါတယ်။ ဒီထက်အရေးကြီးတာဘာမှ မရှိပါဘူး။ တိုင်းပြည် ရေရှည်ရပ်တည်ခဲ့တယ်ဆိုတာ တိုင်းရင်းသားများရဲ့ စည်းလုံးညီညွတ်မှုအားနဲ့ ရပ်တည်ခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ဟာ ကျွန်တော်တို့နိုင်ငံအတွက် အတိတ်၊ လက်ရှိနဲ့ အနာဂတ်ကာလမှ အရေးအကြီးဆုံးလည်း ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဟာ အရေးပါပါတယ်။ ငြိမ်းချမ်းမှုနဲ့အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်တွင်းငြိမ်းချမ်းမှုရှိမှသာ စီးပွားရေးဖွံ့ဖြိုးပြီးတော့ လူနေမှုအဆင့် မြင့်မားလာမှာပါ။ အခြားသောနိုင်ငံများနဲ့လည်း ရင်ပေါင်တန်းနိုင်မှာပါ။

**ဦးလျန်ကျင့်မန်**
**(YRTC တွဲဖက်အတွင်းရေးမှူး)**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပြည်သူ့ရင်ပြင်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပတဲ့ MSME ဈေးရောင်းပွဲတော်ပြခန်းကို လာရောက်ကြည့်ရှုလေ့လာကြတဲ့ ပြည်သူတွေ ညပိုင်းမှာ သွားလာရေး အဆင်ပြေအောင် ဆောင်ရွက်ပေးထားပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ နိုင်ငံဖြစ်တဲ့အတွက် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးဖို့ဆိုရင် ပြည်ထောင်စုစိတ်ဓာတ်နဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှု စိတ်ဓာတ်တွေ ရှင်သန်နေဖို့ လိုအပ်ပါတယ်။ ချစ်ခင်အေးချမ်းစွာနဲ့ အတူယှဉ်တွဲနေထိုင်ပြီး စည်းလုံးညီညွတ်စွာ နိုင်ငံတိုးတက်အောင် လက်တွဲဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

**ဒေါ်ညွန့်ညွန့်ရီ**
**(မော်ကွန်းထိန်း – ရန်ကုန်ပညာရေး တက္ကသိုလ် သင်တန်းရေးရာဌာန )**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အကြို MSME ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဖိတ်ကြားတဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ကျောင်းမှာ တိုင်းရင်းသားပေါင်းစုံရှိတဲ့အတွက် ကျောင်းသားကျောင်းသူတွေအနေနဲ့လည်း ယနေ့ လာရောက်တဲ့ပွဲမှာ အားလုံးပျော်ရွှင်နေကြတာကို တွေ့ရပါတယ်။

ပြည်ထောင်စုနေ့ဟာ မကြာခင် ရောက်ရှိတော့မှာပါ။ ပြည်ထောင်စုစိတ်ထားဟာ တိုင်းပြည်အတွက် အတိုင်းမသိအရေးပါပါတယ်။ ဒီနေ့ပွဲမှာဆိုရင် တိုင်းရင်းသားပေါင်းစုံကို တွေ့မြင်ရတာဟာ ပြည်ထောင်စုစိတ်ထားကို နှိုးကြားစေတဲ့အချက်တစ်ချက်ပါ။ တိုင်းရင်းသားလူငယ်တွေစည်းလုံးညီညွတ်မှုကို တွေ့ရတဲ့အတွက် မျိုးဆက်သစ်ကျောင်းသား၊ လူငယ်တွေအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မြဲစေမယ်လို့ ယုံကြည်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးဟာ အရေးကြီးပါတယ်။ စည်းလုံးညီညွတ်မှုရှိရင် နိုင်ငံငြိမ်းချမ်းမယ်၊ ငြိမ်းချမ်းရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်တာကြောင့် စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှုနဲ့ ပြည်ထောင်စုကြီးဆိုတာဟာ တစ်သွေးတစ်သားတည်းထွန်းလင်းနေမှာပါ။ ဒီနေ့မှာ စည်းစည်းလုံးလုံးနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို တွေ့မြင်ရတာဟာ ရင်ထဲမှာ ဖော်ပြလို့မရအောင် ဝမ်းသာပီတိဖြစ်ရပါတယ်။

**မနေခြည်လင်း(ရန်ကုန်ပညာရေး တက္ကသိုလ်–စတုတ္ထနှစ်–ရှမ်းတိုင်းရင်းသူ)**

ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲကို ဖိတ်ကြားပေးတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲကို စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းနဲ့ ကျင်းပပေးတာကိုလည်း အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ စည်းလုံးညီညွတ်မှုဟာ အရေးကြီးပါတယ်။ ထင်းစည်းကို ချိုးဖို့ မလွယ်ကူပေမယ့် အဲဒီထင်းစည်းက ထင်းချောင်းတစ်ချောင်းတည်းဆိုရင် ချိုးဖို့ လွယ်ကူစေပါတယ်။ မြန်မာနိုင်ငံမှာလည်း တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာနေထိုင်နေမယ်ဆိုရင် ပြည်ပနိုင်ငံတွေ ဝင်ရောက်နှောင့်ယှက်မှု မလုပ်ဆောင်နိုင်ပါဘူးလို့ ခံယူမိပါတယ်။ သမီးတို့ကျောင်းသူတွေအနေနဲ့ မြန်မာသာမက ကမ္ဘာကြီးစစ်မက်မရှိဘဲအေးချမ်းသာယာတာကို မြင်တွေ့လိုပါတယ်။

**မဖူးသစ်အောင်(ရန်ကုန်ပညာရေး တက္ကသိုလ်၊ စတုတ္ထနှစ် – မွန်တိုင်းရင်းသူ)**

ဒီနေ့ လာရောက်ရတဲ့အတွက် လွန်စွာပျော်ရွှင်မိပါတယ်။ သမီးတို့ကျောင်းကို ဖိတ်ကြားပေးတဲ့အတွက်လည်း ဂုဏ်ယူကျေးဇူးတင်ပါတယ်။ အခုလို တိုင်းရင်းသားမောင်နှမတွေကို တွေ့ရတာ ရင်ထဲမှာ ဖော်ပြလို့မရတဲ့ စိတ်ကြည်နူးမှုတစ်ခုကို ခံစားရပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိမှသာ ပြည်ထောင်စုဆိုတာဖြစ်လာတာပါ။ တိုင်းရင်းသားအားလုံးပေါင်းစုမှသာ မြန်မာနိုင်ငံဆိုတာ ဖြစ်လာတာပါ။ မြန်မာနိုင်ငံဆိုတာ တိုင်းရင်းသား ၁၃၅ မျိုးစုပေါင်းထားတဲ့အင်အားလို့ ပြောရမှာပါ။ ငါ့တိုင်းရင်းသားဆိုပြီး ခွဲခြားမှုမရှိဘဲ အခုလို ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲမှာ စည်းစည်းလုံးလုံး တစ်စုတစ်ဝေးတည်း တွေ့မြင်ရတာဟာ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုပြီးတန်ဖိုးထား လေးနက်စေပါတယ်။ နိုင်ငံငြိမ်းချမ်းသာယာပါစေလို့သမီးနေ့တိုင်းဆုတောင်းပါတယ်။ တိုင်းပြည်အေးချမ်းသာယာမယ်ဆိုရင် ရှေ့တိုးတက်မယ့် လမ်းစတွေ အများကြီးမြင်မိပါတယ်။ နိုင်ငံငြိမ်းချမ်းမှုမရှိခြင်းဟာ လူငယ်တွေအတွက် ထိခိုက်စေသလို နိုင်ငံလည်း ထိခိုက်ပါတယ်။ နိုင်ငံရှေ့မတိုးနိုင်တာဟာ ရောဂါခံစားနေရတဲ့ လူနာတစ်ယောက်လို ဖြစ်နေတာကြောင့် နိုင်ငံမကျန်းမာသလိုပါပဲ။ ဒါကြောင့် မြန်မာနိုင်ငံ အမြန်ဆုံးကျန်းမာပါစေလို့ နေ့တိုင်းဆုတောင်းပါတယ်။

**မောင်မျိုးသန့်ကျော်**
**(တိုင်းရင်းသားဒီဂရီကောလိပ်၊ စတုတ္ထနှစ်–နာဂတိုင်းရင်းသား)**

တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို အခုလိုတွေ့ရတာ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ချစ်စရာတိုင်းရင်းသားတွေနဲ့ စုဖွဲ့နေထိုင်နေတာပါလားဆိုတဲ့အသိကိုလည်း သတိရစေပါတယ်။ ကျောင်းပြီးရင် အမိနိုင်ငံနဲ့ တိုင်းရင်းသားအကျိုးအတွက် လုပ်ငန်းခွင်ဝင်ပြီး တာဝန်ထမ်းဆောင်သွားဖို့ ရှိပါတယ်။

ပြည်ထောင်စုစိတ်ဓာတ်ဟာ တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ အလွန်အရေးကြီးပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ သစ်ပင်တစ်ပင် ဖြစ်မယ်ဆိုရင် ပြည်ထောင်စု တိုင်းရင်းသားတွေဟာ သစ်ပင်ရဲ့ အကိုင်းအအခက်တွေပါပဲ။ ပင်စည်ရှင်သန်နေဖို့လိုပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရဖို့ဆိုရင် တစ်မူ၊ တစ်မင်း၊ တစ်သွေး၊ တစ်ဖဆိုတဲ့စိတ်ကိုဖယ်ရှားပြီး ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်ဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စုညီအစ်ကိုတွေကို ယနေ့မှာ ရောင်စုံတွေ့မြင်ရတာဟာ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

**မဂျူဂျူထက်(လသာမြို့နယ်၊ အမှတ် ၁ အထက်တန်းကျောင်း၊ Grade–9)**

ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲမှာ ကျောင်းသူ ကျောင်းသားတွေကို တွေ့မြင်ရပြီး ဘင်ခရာတီးဝိုင်းနဲ့ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်မိပါတယ်။ သမီးတို့ကျောင်းကို ဖိတ်ကြားပေးတဲ့အတွက်လည်း ဂုဏ်ယူဝမ်းသာမိပါတယ်။ သမီးတို့ဘင်ခရာအဖွဲ့ကို ဆုချီးမြှင့်ပေးတဲ့အတွက်လည်း အထူးကျေးဇူးတင်ပါတယ်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပြည်ထောင်စုကြီး မပြိုကွဲအောင် ဆက်လက်ထိန်းသိမ်းသွားရမယ်လို့ ခံယူထားပါတယ်။ *စာမျက်နှာ ၉ သို့*

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ



ဦးစန်းကို



ဦးနိုင်ထွန်းလှိုင်



ဦးမြင့်ဝင်း



ဒေါ်လဲ့လဲ့ဝင်း



မခင်နှင်းမှုန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထွက်ရှိသည့် ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက်များ၊ ဒေသန္တရထွက်ကုန်များကို အခြေခံ၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့် စက်ယန္တရားနှင့် နည်းပညာများကို အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှု လေ့လာလျက်ရှိကြသည်။

ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခင်းကျင်းပြသရောင်းချနေကြသည့် တိုင်းရင်းသားများ၊ လာရောက်လေ့လာကြသည့် ပြည်သူများနှင့် တွေ့ဆုံ၍ ပွဲတော်အတွင်း ပါဝင်ဆင်နွှဲရသည့် ရင်တွင်းပီတိစကားသံများကို တွေ့ဆုံမေးမြန်း ရေးသားလိုက်ရပါသည်။

**ဦးစန်းကို(တိုင်းရင်းသားရေးရာဝန်ကြီး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့)**

ကျွန်တော်တို့ပြခန်းမှာ အသေးစား၊ အငယ်စား၊ အလတ်စား ကရင်ပြည်နယ်ထွက် ထုတ်ကုန်တွေနဲ့ တခြားဒေသထွက်ကုန်တွေကို ပြသနေခြင်းဖြစ်ပါတယ်။ ကရင်ရိုးရာ လက်မှုအထည်၊ ဝါးလက်မှုအထည်၊ သဘာဝဓာတ်မြေဩဇာ၊ တွင်းထွက်ပစ္စည်းများနဲ့ လက်တွန်းထွန်စက်တွေပါဝင်ပါတယ်။ MSME လုပ်ငန်းတွေအနေနဲ့လည်း ဒေသထွက် တစ်ပိုင်တစ်နိုင်လုပ်ငန်းလေးတွေ ပါဝင်ပါတယ်။ အခုလိုပြသခြင်းအားဖြင့် ဒေသထွက်ကုန် တစ်ခုနဲ့တစ်ခုဖလှယ်ပြီး ရောင်းအားတွေလည်း မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တိုင်းရင်းသားညီအစ်ကိုတွေ ဆုံစည်းတဲ့ပွဲလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြခန်းကို လာရောက်လေ့လာကြတဲ့ ပြည်သူတွေသိရှိလိုတာကိုလည်း သေချာလေးရှင်းပြပေးပါတယ်။ ပြည်သူတွေ အနေနဲ့လည်း ကျွန်တော်တို့ ရိုးရာယဉ်ကျေးမှုပစ္စည်းတွေကို လေ့လာကြသလို ရိုးရာအစားအစာတွေဖြစ်တဲ့ ကရင်ခေါင်ရည်၊ ကရင်မုန့်ဟင်းခါးနဲ့ ဒေသထွက်အစားအစာတွေကို အမြတ်တနိုးနဲ့ လာရောက်စားသုံးကြတာကိုလည်း တွေ့မြင်ရပါတယ်။ ပြည်သူတွေအားလုံးလည်း လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးနိုင်ထွန်းလှိုင်(ကချင်ပြည်နယ်ပြခန်းတည်ဆောက်ရေးတာဝန်ခံ)**

ကျွန်တော်တို့ ပြခန်းမှာ ဒေသထွက်ကုန်တွေဖြစ်တဲ့ ပြောင်း၊ ပဲ၊ တစ်သျှူး၊ ငှက်ပျော၊ ကျောက်စိမ်း၊ ပယင်း၊ ရိုးရာအထည်နဲ့ တိုင်းရင်းဆေးတွေ ခင်းကျင်းပြသထားပါတယ်။ ကျွန်တော်တို့ ဒေသမှာလည်း MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ အခုလို ပြပွဲပြုလုပ်ပေးခြင်းအားဖြင့် ကျွန်တော်တို့ဒေသရဲ့ MSME ကဏ္ဍဆောင်ရွက်ချက်တွေကို ပြည်သူတွေ သိရှိအောင် ပြသခွင့်ရပါတယ်။ ပြည်သူတွေအနေနဲ့လည်း ဘယ်သီးနှံ၊ ဘယ်အပင်တွေက နိုင်ငံ့ဝင်ငွေရရှိစေသလဲဆိုတာ သိရှိခွင့်ရသွားပါတယ်။ နောက်ပြီး ကျွန်တော်တို့ပြခန်းကို လာရောက်လေ့လာကြသူတွေ အနေနဲ့လည်း ကချင်ပြည်နယ် ဒေသထွက်ကုန်တွေနဲ့ ပတ်သက်ပြီး တော်တော်လေး ဗဟုသုတရရှိသွားကြမယ်လို့ ယုံကြည်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း စိတ်ဝင်တစားနဲ့ လာရောက်လေ့လာကြတဲ့အတွက် ဝမ်းသာပါတယ်။ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပတဲ့ ဒီပွဲတော်မှာ ကချင်ပြည်နယ်ရဲ့ ဒေသထွက်ကုန်တွေကို စုံလင်စွာ ခင်းကျင်းပြသထားပါတယ်။ လာရောက်ကြည့်ရှုလေ့လာကြပါလို့ ဖိတ်ခေါ်လိုပါတယ်။

**ဦးမြင့်ဝင်း(တာဝန်ခံ၊ Super Seven Stars Industrial Development ကုမ္ပဏီလီမိတက်ပြခန်း)**

ကျွန်တော်တို့ပြခန်းမှာ နိုင်ငံပေါင်း ကိုးနိုင်ငံ၊ ကုမ္ပဏီပေါင်း ၄၂ ခုနဲ့ ကုန်ပစ္စည်းအမျိုးပေါင်း ၂၁၆ မျိုး ခင်းကျင်းပြသထားပါတယ်။ ဒီပြခန်းမှာ မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီးမှာရှိတဲ့ ဒေသန္တရထွက်ကုန်တွေကို အခြေခံပြီး တန်ဖိုးမြင့်ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်တဲ့စက်ယန္တရား၊ နည်းပညာများကို အဓိကပြသထားပါတယ်။ ပြသရတဲ့ ရည်ရွယ်ချက်ကတော့ ဒေသန္တရထွက်ကုန်တွေကို အခြေခံပြီး တန်ဖိုးမြင့်ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်တဲ့အခါမှာ နိုင်ငံတကာကို တင်သွင်းနိုင်တဲ့ အဆင့်အထိ ထုတ်လုပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ စက်မှုကဏ္ဍ အမြန်ဆုံး တိုးတက်မြင့်မားစေချင်တဲ့အတွက် ဒီပြခန်းကို ပြသရခြင်းဖြစ်ပါတယ်။ နောက်ပြီး ပြည်ပကနေ မှာယူတင်သွင်းရတဲ့ Import တွေကို လျှော့ချမယ်။ ပြည်တွင်းထုတ်ကုန်တွေကို နိုင်ငံတကာကို တင်ပို့နိုင်တဲ့ အဆင့်အထိ ဆောင်ရွက်ပြီး နိုင်ငံခြားငွေကို ရှာနိုင်မယ်ဆိုရင် စားသုံးသူတွေအတွက် ပိုမိုအဆင်ပြေလာမယ်လို့ မျှော်လင့်ပါတယ်။ လုပ်ငန်းရှင်တွေနဲ့ လုပ်ငန်းလုပ်ကိုင်ဖို့ ရည်ရွယ်နေတဲ့သူတွေအားလုံး အဆင်ပြေစွာ ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ပြခန်းကို လာရောက်လေ့လာစေချင်ပါတယ်။ ကျွန်တော်တို့ သိရှိထားတဲ့ နည်းပညာတွေကို မျှဝေပေးသွားပါမယ်။ ပွဲတော်ကို လာရောက်ကြတဲ့ ပြည်သူတွေလည်း စိတ်ဝင်တစားနဲ့ လာရောက်ကြည့်ရှုကြပါတယ်။ အားလုံးလာရောက်လေ့လာစေချင်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်း (ပွဲတော်သို့ လာရောက်ပါဝင်ဆင်နွှဲသူ)**

ကျွန်မက ဧရာဝတီတိုင်းသူဖြစ်တဲ့အတွက် ဧရာဝတီတိုင်းဒေသကြီးပြခန်းကို ပထမဆုံး သွားရောက်လေ့လာဖြစ်ပါတယ်။ အခုတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြခန်းတွေကို လေ့လာပြီးပါပြီ။ ဒီလိုပွဲကြီး ကျင်းပပေးတဲ့အတွက် အားရကျေနပ်မိပါတယ်။ ဒီလိုပြပွဲကြီးမှာ ကိုယ့်ဒေသကထွက်တဲ့ ပစ္စည်းတွေတင်မဟုတ်ဘဲ အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေက ထွက်ရှိတဲ့ အစားအစာတွေ၊ လူသုံးကုန်ပစ္စည်းတွေကို လေ့လာဝယ်ယူခွင့်ရရှိပါတယ်။ ဒေသန္တရ ဗဟုသုတတွေလည်း ရရှိသလို ကိုယ်မမြင်ဖူးတဲ့ ဒေသထွက်ကုန်တွေကို မြင်ဖူးသွားပါတယ်။ ကိုယ်နေတဲ့ဒေသမှာ မရနိုင်တဲ့ အစားအသောက်ကို ဝယ်ယူခွင့်ရရှိတဲ့အတွက် လူတိုင်းအကျိုးရှိစေတဲ့ ပြပွဲကြီးတစ်ပွဲလို့ မြင်မိပါတယ်။ ဒါကြောင့် ရပ်နီးရပ်ဝေးက မိတ်ဆွေတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို တစ်နေရာတည်းမှာ လေ့လာချင်တယ်၊ ဝယ်ယူချင်တယ်ဆိုရင်တော့ ဒီ MSME အရောင်းပြခန်းကို အရောက်လှမ်းလာခဲ့ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**မခင်နှင်းမှုန် (ပွဲတော်သို့ လာရောက်ပါဝင်ဆင်နွှဲသူ)**

ကျွန်မက MSME အရောင်းပြခန်းတွေကို စိတ်ဝင်စားလို့ ပျဉ်းမနားမြို့နယ်က လာရောက်လေ့လာတာဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် ပြခန်းအချို့လေ့လာပြီးပါပြီ။ ပြခန်းတိုင်းက ကိုယ့်ဒေသထွက်ကုန် အမျိုးမျိုးနဲ့ဆိုတော့ မမြင်ဖူးတဲ့ ထွက်ကုန်တွေ၊ စက်ယန္တရားတွေ၊ ရိုးရာအဝတ်အထည်တွေနဲ့ စိတ်ဝင်စားဖွယ်ရာတွေ အပြည့်ဖြစ်နေပါတယ်။ နှစ်ဘီး၊ သုံးဘီးဆိုင်ကယ်တွေနဲ့ လျှပ်စစ်မော်တော်ကားတွေပါ လေ့လာခွင့်ရခဲ့ပါတယ်။ ဒီလိုပြပွဲကြီးကို လေ့လာခွင့်ရတဲ့အတွက် အကျိုးကျေးဇူးတွေ အများကြီးရစေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ဒေသထွက်ကုန်တွေကို တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း ဝယ်ယူလေ့လာခွင့်ရတဲ့ အပြင် ဒေသထွက် ရိုးရာအစားအစာတွေကိုပါ စားသုံးရတဲ့အတွက် အဲဒီတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ရောက်ရှိသွားသလို ခံစားရပါတယ်။ အဲဒါကြောင့် ဖေဖော်ဝါရီ ၁၀ ရက်ကနေ ၁၄ ရက်အထိ ကျင်းပသွားမှာဖြစ်တဲ့အတွက် လာရောက်လေ့လာ ဝယ်ယူကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**တွေ့ဆုံမေးမြန်း – အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ – ကိုကြီးထိန်**

*စာမျက်နှာ ၈ မှ*

**မဖြိုးအိသန္တာဝင်း (လသာမြို့နယ်၊ အမှတ် ၂ အထက်တန်းကျောင်း၊ Grade–8)**

ဒီနေ့မှာ သူငယ်ချင်းတွေနဲ့ အုပ်စုလိုက် ဘင်ခရာတီးဝိုင်းနဲ့ ဖျော်ဖြေရတာ ဝမ်းသာကြည်နူးမိပါတယ်။ ဖေဖော်ဝါရီ ၁၂ ရက်နေ့ဆိုရင် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ရောက်ပါပြီ။ ပြည်ထောင်စုနေ့ဆိုတာ တိုင်းရင်းသားအားလုံးကို တစ်စုတစ်စည်းတည်း တွေ့မြင်ရတဲ့နေ့လို့ မြင်မိပါတယ်။ တိုင်းရင်းသားအားလုံးကို တွေ့မြင်ရတဲ့အတွက် ‘လှပတဲ့မြန်မာ’ ဆိုတဲ့ သီချင်းထဲကလို ရောင်စုံပန်းတွေပွင့်နေတဲ့ပန်းဥယျာဉ်ကြီးထဲက ပန်းတွေလိုပဲ တိုင်းရင်းသားတွေကို မြင်မိပါတယ်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှသာ နိုင်ငံတိုးတက်မှာဖြစ်တဲ့အတွက် ညီညွတ်စေချင်ပါတယ်။

**ညီမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ – ကနူး/ ရဲထွဋ်**

## ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်

**စလင်း ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပေါက်ရင်းကုန်းကျေးရွာ၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်



သည့် ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ မင်းဘူးခရိုင် ကျေးလက်ဦးစီးဌာနမှူး ဦးဝင်းမြတ်သိန်း၊ စလင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ဝဲပုံ) အခမ်းအနားကို ပေါက်ရင်းကုန်းအခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ပေါက်ရင်းကုန်းကျေးရွာ ကွန်ကရစ်လမ်း အလျား ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မကို ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သန်း ၂၁ဒသမ ၇၇၅၆၈၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။




**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ တွဲထားလက်များ ခိုင်မြဲစို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေ စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း ကိုယ်စားလှယ်များနှင့်တွေ့ဆုံ



**စစ်တွေ ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒေါက်တာဘရွှေသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေနှင့်အဖွဲ့သည် နန္ဒာရာမပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး စာသင်တိုက်၏ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိ ဘဒ္ဒန္တနန္ဒသိရီ မဟာထေရ်မြတ်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များတွင် အမြင့်ဆုံးဖြစ်သည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်း ခံရသည့်အတွက် ဂုဏ်ပြုဝမ်းမြောက် စကားနှင့် လက်ရှိ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ၏အခြေအနေ၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုအခြေအနေများကို လျှောက်ထားကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေနှင့်အဖွဲ့သည် စစ်တွေမြို့ ပညာလင်္ကာရ ကျောင်းတိုက်၊ ရွှေစေတီ ကျောင်းတိုက်များသို့ သွားရောက်ကာ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်နေသည့် အခြေအနေများကို လျှောက်ထားကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ညှော့ရိပ်သာ၌ ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေက ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းရန်လိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အမြဲတံခါးဖွင့်ထားလျက်ရှိကြောင်း၊ နိုင်ငံရေးနည်းကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန် ကြေညာထားပြီးဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်သူများ ဒုက္ခရောက်လျက်ရှိနေကြကြောင်း၊ မိမိတို့အနေဖြင့် ပဋိပက္ခများ ချုပ်ငြိမ်းနိုင်ရန်အတွက် တွေ့ဆုံသင့်၊ တွေ့ဆုံထိုက်သူများကို တွေ့ဆုံလျက်ရှိကြောင်း၊ ယခုတက်ရောက်လာကြသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ ကိုယ်စားလှယ်များကလည်း မိမိတို့အတွေ့အကြုံကို ရှင်းလင်းတင်ပြပေးကြ စေလိုကြောင်း၊ ပြည်သူများ၏ သဘောထားများကိုသိရှိမှ နိုင်ငံတော်အကြီးအကဲက အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများ၏ တင်ပြချက်များကို နိုင်ငံတော်အကြီးအကဲထံ တင်ပြသွားမည်ဖြစ်သည့်အတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြစေလိုကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများအခြေအနေအပေါ်တွင် မိမိ၏အမြင်ကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ ကိုယ်စားလှယ်များက လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသောမြို့နယ်များတွင် ဖြစ်ပေါ်နေသော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်ကဏ္ဍများတွင် ဖြစ်ပေါ်နေသောအခက်အခဲများနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ဒေသခံပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တိုင်းရင်းသားမျိုးနွယ်စုများ မိမိတို့နေထိုင်ရာနေရာ၊ ကျေးရွာများတွင် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် မိမိတို့အဖွဲ့အနေဖြင့် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုအရ စက်သုံးဆီနှင့် စားရေရိက္ခာများကို ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပို့ဆောင်ပေးလျက်ရှိမှု၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ ပုံမှန်ကျောင်းတက်ရောက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးနေမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်နေမှု၊ တိုင်းရင်းသားများ၏ လှုပ်ရှားဆောင်ရွက်မှု၊ ရိုးရာဓလေ့၊ အထိမ်းအမှတ်ပွဲများအတွက် ကူညီဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံက တိုင်းရင်းသားများ၏ အခွင့်အရေးများခံစားခွင့်ရရှိနိုင်ရေးနှင့် ငြိမ်းချမ်းရေး ပြန်လည်ရရှိနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းရင်းသားများ၏ အခွင့်အရေးများကို ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများကို တာဝန်ပေးအပ်ဆောင်ရွက်နေမှု၊ တိုင်းရင်းသားမျိုးနွယ်စုများအတွက် ကူညီဆောင်ရွက်ပေးနေမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေက တင်ပြချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြကာ ပဋိပက္ခများချုပ်ငြိမ်းနိုင်ရန်အတွက် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဗန်းမော်တက္ကသိုလ်၌ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲကျင်းပ

**ဗန်းမော် ဖေဖော်ဝါရီ ၁၀** – ကချင်ပြည်နယ် ဗန်းမော်မြို့၌ (၇၇) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗန်းမော်တက္ကသိုလ်၏ တိုင်းရင်းသား ရိုးရာဝတ်စားဆင်ယင်မှုပြပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ဗန်းမော်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က အမှာစကားပြောကြားပြီး ဗန်းမော်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်က တိုင်းရင်းသားရိုးရာဝတ်စား ဆင်ယင်မှုနှင့် ရိုးရာဓလေ့သရုပ်ဖော်ပြသသည့် ပြိုင်ပွဲကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားရိုးရာဝတ်စား ဆင်ယင်မှုပြိုင်ပွဲ စတင်ခဲ့ရာ ကျောင်းသား ကျောင်းသူလေးများက ဂျိမ်းဖော၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ လီဆူ၊ မောရှမ်း၊ ရဝမ် ရိုးရာဝတ်စုံများဖြင့် ယှဉ်ပြိုင်သရုပ်ပြသခဲ့ကြပြီး ဆုရရှိသည့်ကလေးများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီးမှ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရောဝတီတိုင်းဒေသကြီးမှ အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ကြီးကြပ်သူများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၄၇ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝဏ္ဏကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ကြီးကြပ်သူများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူများသည် ယခုကဲ့သို့ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာလာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူးအငြိမ်းစားဝန်ထမ်းဟောင်းများ၊ ကြီးကြပ်သူများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနဓဇဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။



ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးနဲ့ ပင်စင်ယူထားတဲ့ ဦးမြင့်စိုးဖြစ်ပါတယ်။ အကြီးအကဲတွေရဲ့ လမ်းညွှန်မှုနဲ့ အငြိမ်းစားတွေအားလုံးကို ဒီတန်ခိုးကြီး ဘုရားကြီးကို လာရောက်ဖူးမြော်ခွင့်ပြုနိုင်အောင် စီမံပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ တီဗွီထဲမှာ ကြည့်ကတည်းက ဒီဘုရားကြီးကို စတည်ကတည်းက ပီတိတွေဖြစ်တာပေါ့။ ကျွန်တော်တို့က ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့အတွက် ကျွန်တော် ကံ၊ ကံ၏အကျိုးကို ယုံတယ်။ အကြောင်းနဲ့အကျိုး ပဋ္ဌာန်းဆက်တွေကိုလည်းယုံတယ်။ အခုခေတ်ဒီလိုမျိုးအချိန်မှာ ဒီလိုမျိုးထူးခြားတဲ့ စကျင်ကျောက်တုံးကြီးကို တွေ့ရှိတယ်။ ဒါကလည်း အကြောင်းတရားနဲ့ပဲတွေ့ကြတာ။ ယခုပူဇော်ထုဆစ်ထားတဲ့ ကျောက်တုံးက ကမ္ဘာမှာ တကယ့်အံ့ဖွယ် စကျင်ကျောက်တုံးကြီးကို ရရှိတယ်။ ရရှိပြီးတော့ အလှူဒါယကာကြီး ဦးဆောင်ပြီးတော့ ကျန်တဲ့အလှူရှင်အားလုံးရဲ့ စိတ်တိုင်းကျ မုနိပုံကိုလည်း ဖော်ပြီးတော့ ထုဆစ်နိုင်တာက တစ်ကြောင်း။ နောက်ပြီးတော့ ဒီမှာ ၂၅၅ ဧကရှိတဲ့ မြေကွက်တွေမှာပေါ့နော်။ လိုလေသေးမရှိအောင် သာသနိကပစ္စည်းတွေ၊ အဆောက်အအုံတွေ၊ ပန်းပင်တွေ၊ ရေကန်တွေ၊ ရေဖဝါးတွေနဲ့ အလှူဒါယကာကြီးနဲ့ အလှူရှင်များရဲ့ လိုချင်တဲ့ပုံစံရအောင် ဖော်ထုတ်ပေးတဲ့ တကယ့် မြန်မာနိုင်ငံ အင်ဂျင်နီယာတွေနဲ့၊ တပ်မတော်သား အင်ဂျင်နီယာအားလုံးကိုလည်း တကယ်လုံးဝချီးကျူးတယ်။ နိုင်ငံခြားအကူအညီမပါဘဲ မြန်မာနိုင်ငံမှာရှိတဲ့ ပညာရှင်တွေနဲ့ ထုဆစ်ပုံဖော်ထားတဲ့ ဘုရားကြီးကို လာရောက်ဖူးမြော်ကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။



ကျွန်မကတော့ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ရေးလုပ်ငန်း နမ်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံက အငယ်တန်း အင်ဂျင်နီယာ(၂) လျှပ်စစ် ဒေါ်စုမြတ်ဖြူစင်ပဲဖြစ်ပါတယ်။ ဒီလိုမျိုးသင်တန်းသားတွေအားလုံး လာရောက်ဖူးမြော်ခွင့်ရအောင် လျှပ်စစ်ဝန်ကြီးဌာနကနေပြီးတော့ စီစဉ်ပေးတာပဲ ဖြစ်ပါတယ်။ ဒီလိုဝန်ကြီးဌာနက စီစဉ်ပြီးတော့ စနစ်တကျ သင်တန်းသားတွေ လာရောက်ဖူးမြော်ရတဲ့အချိန်မှာ ဒီကနေပြီးတော့ Documentary နဲ့တကွ အသေးစိတ်ရှင်းပြတဲ့အတွက် မသိတာတွေ သိရပြီး တကယ်ကိုပဲ စနစ်တကျနဲ့ လာရောက်ဖူးမြော်ရတဲ့အတွက် ပီတိဖြစ်ရပါတယ်။ ဒီမှာ လေ့လာစရာတွေလည်း အများကြီးပါပဲ။ ဒီလိုမျိုး ကိုယ်တိုင် လာရောက်ဖူးမြော်ရတာနဲ့ အပြင်မှာ ပုံတော်ကို ဖူးမြော်ရတာ မတူဘူး။ အဲဒါကြောင့်မလို့ အနီးနားက လူတွေရော၊ အဝေးကလူတွေရော ကိုယ်တိုင်လာရောက်ဖူးမြော်ဖို့အတွက် ဖိတ်ခေါ်ချင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ ဒီဘုရားကြီးကိုလာရောက်ဖူးမြော်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။

ကျွန်မကတော့ ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနကနေ ဒုတိယညွှန်ကြားရေးမှူးနဲ့ အငြိမ်းစားယူထားတဲ့ ဒေါ်တင်သိန်းဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားတွေကို မာရဝိဇယဘုရားဖူးခရီးစဉ်မှာ ပထမဆုံး ပါဝင်ခွင့်ရတဲ့အတွက် အများကြီး ဂုဏ်ယူဝမ်းမြောက်သလို ကျေးဇူးလည်း တင်ပါတယ်။ ကျွန်မ ဒီဘုရားနဲ့ ပတ်သက်ပြီးတော့ရင်ထဲကခံစားချက်လေးကို ပြောချင်ပါတယ်။ အဲတာဘာလဲဆိုတော့ ဘုရားပုံတော်ကြီး တိမ်တွေကြားထဲမှာ လွင့်ပြီးတော့ အဲဒီပုံတော်ကို မြင်လိုက်တဲ့အချိန်မှာ မြဝတီ တီဗွီထဲက မြင်တာပါ။ အဲလိုမြင်လိုက်တဲ့အချိန်မှာ ကျွန်မလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက အိပ်မက်ခဏခဏမက်ခဲ့တဲ့ ဘုရားပုံတော်ကြီးဖြစ်နေတာ။ အဲဒီလိုဘုရားပုံတော်ကြီးဖြစ်နေတဲ့အခါကျတော့ ဩော် အိပ်မက်တဲ့ ဘုရားကြီးက ကိုယ့်ရှေ့မှာ ရှင်းရှင်းကြီး ပေါ်နေပါ့လားဆိုပြီးတော့ အဲဒီအချိန်ကျမှ ကျွန်မက တီဗွီမှာ ကျောက်တုံးသယ်တာ ကနေစပြီးတော့ နေ့တိုင်းလွှင့်တဲ့ဟာကို ကြည့်ဖြစ်တယ်။ ကြည့်တဲ့အခါ အံ့မခန်းတွေဖြစ်ပြီးတော့ ကျောက်တုံး သယ်တာကနေပြီးတော့ ကျောက်တုံးကြီးကို တည့်မတ်တဲ့အထိ ဒီဂရီဘယ်လောက် တည့်သွားပြီ၊ ဒီနေ့ကတော့ ဒီဂရီဘယ်လောက်တည့်သွားပြီ



စသဖြင့်ပေါ့။ အဲဒါတွေကို အစအဆုံး ကြည့်တယ်။ ကြည့်ပြီးတော့ နောက်ပိတ်ဆုံး အနေကဇာတင်ဘုရားပေါ့နော်။ ဒီစေတီကြီး နောက်ဆုံးအဆင့်ပွဲအထိကို တီဗွီမှာ နေ့တိုင်းကြည့်တယ်။ အမြဲတမ်းကြည့်တယ်။ ဒီဘုရားကြီးက တကယ်ကို ဆုတောင်းပြည့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ တီဗွီထဲမှာ လွှင့်သမျှ ဘုရားကို အမြဲတမ်းရှိခိုးအာရုံပြုပြီး ဒီဘုရားကြီးကို ကျွန်မကိုယ်တိုင်ကိုယ်ကျ တစ်နေ့မှာ ဖူးခွင့်ရပါစေလို့ တီဗွီထဲမှာပဲ ကြည့်ပြီး ဆုတောင်းခဲ့တာ။ အခုလိုမျိုး ဖူးခွင့်ရတဲ့အတွက် ဒီဘုရားနဲ့ ပတ်သက်ပြီးတော့ ပဋ္ဌာန်းဆက်ရှိသမျှ ပုဂ္ဂိုလ်အပေါင်းတို့ကလည်း နိုင်ငံတော်ရဲ့ စီစဉ်ပေးမှုနဲ့ ဘုရားတည်ကတည်းက မြို့နယ်တွေပါမကျန်၊ ကျေးရွာတွေမှာ မကျန် အလှူငွေတွေ ပါဝင်ခွင့်ရအောင် အစိုးရအဖွဲ့အသီးသီးက ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီဘုရားထဲမှာ လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ပါဝင်ခွင့်ရခဲ့ကြတယ်။ ဒါကြောင့်မလို့ အများပြည်သူလည်း ဖူးမြော်စေချင်တယ်။ နောက်ပြီး ကျွန်မတို့လို ဝန်ထမ်းအငြိမ်းစားတွေအနေနဲ့လည်း ကိုယ်ဘာသာကိုယ်လာဖူးဖို့ဆိုတာ တော်ရုံနဲ့ မရောက်ဖြစ်ဘူး။ မဝေးသော်ငြားလည်း မရောက်ဖြစ်ဘူး။ အခုလိုစီစဉ်ပေးတဲ့အတွက် နိုင်ငံတော်အဆင့် အကြီးအကဲများ၊ ရောဝတီတိုင်းဒေသကြီးက ဝန်ကြီးချုပ်နဲ့တကွ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ ဒီဘုရားကြီး ရေရှည်ထိန်းသိမ်းဖို့ အရှည်တည်တံ့ဖို့အနေနဲ့လည်း ကျွန်မတို့မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားတွေဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့အတွက် ဥပမာတစ်ခုပြမယ်ဆိုရင် ကျွန်မတို့ ရောဝတီတိုင်းဒေသကြီးမှာရှိတဲ့ မြတ်မော်တင်စွန်းဘုရားဟာဆိုရင် မြတ်စွာဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါကတည်းက ဆံတော်အစစ်ကို ဌာပနာထားတဲ့ဘုရားဖြစ်ပါတယ်။ အဲဒါ မျက်မြင်ကြည့်ခြင်းအားဖြင့် ဟိုတုန်းကထက် တစ်ဆင့်နဲ့ တစ်ဆင့် တိုးတက်ပြီးတော့ ပြောင်းလဲလာတဲ့ဘုရားကို မြင်ကြရမှာပါ။ ဒါကြောင့်မလို့ ဒီမာရဝိဇယဘုရားကြီးဟာ ရှေ့အရှည်မှာ သာသနာတည်တံ့ရေးအတွက် အခုလိုပဲ နောင်လာနောက်သားတွေက လက်ဆင့်ကမ်း ဆောင်ရွက်ပြီးတော့ တိုးတက်သထက် တိုးတက်၊ သာသနာပြန့်ပွား သထက် ပြန့်ပွား၊ ကမ္ဘာတည်တဲ့အထိအောင်ရှိမယ်ဆိုတာ ကျွန်မ ယုံကြည်ပါတယ်လို့ ပြောကြားချင်ပါတယ်။ ဒါကျွန်မ ရင်ထဲက ပီတိစကားပါ။

**သတင်းစဉ်**

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်သာဖို့ရေး မျှော်ရှုတွေးလော့

လွန်းပိုးအိမ်

**“ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သမိုင်းကြောင်းကို ပြန်ပြောင်းသုံးသပ်ကြည့်လျှင် တိုင်းရင်းသား သွေးချင်းများ၏ ချစ်ကြည်စုစည်းမှုကို တည်ဆောက်နိုင်သည့်ကာလများတွင် နိုင်ငံ့အင်အားတောင့်တင်း ခိုင်မာ၍ စည်ပင်သာယာဝပြောခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားသွေးချင်းများကြား တွင် စည်းလုံးညီညွတ်မှုလျော့ပါးခဲ့သည့်ကာလများတွင်လည်း နိုင်ငံ့အင်အားဆုတ်ယုတ်ခဲ့ပြီး နောက်ဆုံးတွင် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်ကို ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ သူ့ကျွန်ဘဝတွင် နယ်ချဲ့အုပ်စိုးသူတို့က ၎င်းတို့၏ စိုးမိုးခြယ်လှယ်မှု အဓွန့်ရှည်တည်တံ့စေရေးအတွက် တိုင်းရင်းသားသွေးချင်းတို့အကြား တွင် အမျိုးမျိုးသွေးခွဲသပ်လျှိုခဲ့ကြခြင်းကြောင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုလျော့ပါး ခဲ့ရပြီး ပြည်ထောင်စုစိတ်ဓာတ်ပြိုကွဲခဲ့ရသည်မှာလည်း သတိပြုဆင်ခြင်ဖွယ် သမိုင်းသင်ခန်းစာ တစ်ရပ်ပင်ဖြစ် ”**

“သွေး” ဆိုသည်မှာ လူ၏ခန္ဓာကိုယ်အတွင်း အရေးအပါဆုံးသော အင်အားတစ်ရပ်ဖြစ်သည်။ သွေး၏ ဖွဲ့စည်းပုံကားမျှတညီညာရသည်။ သွေးလည်ပတ်မှုဖြစ်စဉ်သည်လည်း တိကျမှန်ကန်ရမည်။ သို့မှသာ ခန္ဓာကိုယ်ဖွံ့ဖြိုးကြီးထွား၍ အသက်ရှင် ရပ်တည်နေနိုင်မည်ဖြစ်သည်။ ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ သွေးရင်းညီအစ်ကိုမောင်နှမ ၁၃၅ မျိုးတို့သည် စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်ကြရမည်။ အေးအတူပူအမျှ တိကျမှန်ကန်သော စည်းကမ်းကျင့်ဝတ်တို့ကို လိုက်နာစောင့်ထိန်းကြရမည်။ သို့မှသာ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မာ၍ ဖွံ့ဖြိုးတိုးတက်လိမ့်မည်။

လူတို့သည် အစုအဖွဲ့နှင့် နေထိုင်ခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်းတို့ကြောင့် မည်သည့်အန္တရာယ်မှ မကျရောက်နိုင်ပါ။ အန္တရာယ်နှင့် ကြုံတွေ့လာလျှင်လည်း စုပေါင်းအားနှင့် ဖြိုခွင်းလိုက်ပါက ချမ်းသာခြင်းသို့ ရောက်နိုင်သည်။ နွားကွဲလျှင် ကျားဆွဲမည်မှာ သဘာဝပင်ဖြစ်သည်။ စည်းလုံးညီညွတ်မှု ပျက်ပြားလျှင် ဘေးဒုက္ခနှင့် ကြုံတွေ့ရတတ်ကြောင်း သင်ခန်းစာယူနိုင်ပါသည်။

**စုစည်းမှုအင်အား**

စုစည်းမှုအင်အားသည် အလွန်အရေးကြီးလှသည်။ ထင်းကို တစ်ချောင်းစီချိုးလျှင် ကျိုးနိုင်သော်လည်း ထင်းစည်းလိုက်ချိုးလျှင်မူ ချိုး၍မရနိုင်ပါ။ ထင်းချောင်းများကိုစု၍ စည်းထားခြင်းကြောင့် ထင်းများ၏စုစည်းမှု အင်အားကြီးမားကြောင်း၊ တန်ဖိုးရှိကြောင်း သာဓကပြနေခြင်းဖြစ်ပါသည်။ မြန်မာ့ဆိုရိုးစကားတွင်လည်း “ရေများရေနိုင်၊ မီးများမီးနိုင်” ဟူသည်မှာ စုစည်းမှု၏ အင်အားတန်ဖိုးကြီးမားကြောင်း၊ စည်းလုံးခြင်းသည် ခွန်အားဖြစ်ကြောင်း ပြသနေခြင်းဖြစ်သည်။

အသင်းအဖွဲ့တိုင်းတွင် စည်းလုံးညီညွတ်မှုသည် အရေးပါကြောင်း လှေပြိုင်ပွဲသာဓကဖြင့် သိနိုင်သည်။ လှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လှေလှော်သားတို့ မခိုမကပ်၊ မနားတမ်း လှော်ခတ်ပါမှ၊ စည်းလုံးညီညွတ်မှုရှိပါမှ ပန်းတိုင်သို့ ဦးစွာ ရောက်ရှိနိုင်မည်။ တစ်ဦး တစ်ယောက်ကောင်းဖြင့် လှော်ခတ်၍ မရနိုင်ပါ။ လှေလှော်သားအားလုံး ညီညွတ်မှ တက်လည်းညီ၊ လက်လည်းညီ၊ ကြိုးစားအားထုတ်မှုညီနေမှ ပန်းတိုင်သို့ ဦးစွာရောက်နိုင်ပါမည်။ ထို့ကြောင့် အရာရာတိုင်းတွင် စည်းလုံးညီညွတ်ခြင်းသည် အလွန်အရေးပါလှသည်။ ညီညာမှ ပြည်သာယာမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းကို ပြန်ပြောင်းသုံးသပ်ကြည့်လျှင် တိုင်းရင်းသားသွေးချင်းများ၏ ချစ်ကြည်စုစည်းမှုကို တည်ဆောက်နိုင်သည့်ကာလများတွင် နိုင်ငံ့အင်အားတောင့်တင်းခိုင်မာ၍ စည်ပင်သာယာဝပြောခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားသွေးချင်းများကြားတွင် စည်းလုံးညီညွတ်မှု လျော့ပါးခဲ့သည့်ကာလများတွင်လည်း နိုင်ငံ့အင်အားဆုတ်ယုတ်ခဲ့ပြီး နောက်ဆုံးတွင် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်ကို ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါသည်။ သူ့ကျွန်ဘဝတွင် နယ်ချဲ့အုပ်စိုးသူတို့က ၎င်းတို့၏ စိုးမိုးခြယ်လှယ်မှု အဓွန့်ရှည်တည်တံ့စေရေးအတွက် တိုင်းရင်းသားသွေးချင်းတို့ အကြားတွင် အမျိုးမျိုး သွေးခွဲသပ်လျှိုခဲ့ကြခြင်းကြောင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုလျော့ပါးခဲ့ရပြီး ပြည်ထောင်စုစိတ်ဓာတ်ပြိုကွဲခဲ့ရသည်မှာလည်း သတိပြုဆင်ခြင်ဖွယ် သမိုင်းသင်ခန်းစာတစ်ရပ်ပင် ဖြစ်ပါသည်။

**ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ**

ဆုံးရှုံးခဲ့ရသော နိုင်ငံ့လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် တိုင်းရင်းသားပြည်သူများသည် နိုင်ငံ့တပ်မတော်နှင့် အတူလက်တွဲကာ အသက်ပေါင်းများစွာ ပေး၍ မလျှော့သောဇွဲလုံ့လဖြင့် အခက်အခဲများစွာကို ရင်ဆိုင်ဖြတ်သန်းကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့ ကြိုးပမ်းရာတွင် နိုင်ငံ့ခေါင်းဆောင်များ၏ ဖြောင့်မတ်တည်ကြည်သော ဦးဆောင်မှုဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား ချစ်ကြည်သွေးစည်းမှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာ ပြန်လည်တည်ဆောက်နိုင်ခဲ့ကြပါသည်။ ယင်းသို့သော ပြည်ထောင်စုစိတ်ဓာတ် အရင်းခံသည့် သွေးစည်းညီညွတ်မှု၏ အထိမ်းအမှတ်သက်သေအဖြစ် တောင်တန်းနှင့်မြေပြန့် တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူကြရန် သန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထိုသို့ တိုင်းရင်းသားသွေးချင်းတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင် သတ်မှတ်ခဲ့ကြသည်မှာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၇) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် တောင်တန်းနှင့် မြေပြန့်ဒေသများ ညီညွတ်ပေါင်းစည်းပြီး တပ်မတော်နှင့်အတူ မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ယင်းသို့ နိုင်ငံတော်တစ်ဝန်းလုံး စုစုစည်းစည်းဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူပေးနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားသွေးချင်းများအကြား ထာဝစဉ်ကိန်းအောင်း တည်တံ့စေရန် ဆက်လက်ထိန်းသိမ်းကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မမိုတ်မသုန် ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။

အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်ကြီးတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ညီညွတ်စွာအချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည် ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအနေဖြင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရမည်ဖြစ်ပါသည်။ တည်ဆဲဥပဒေများ၏ အသက်သွေးကြော (Mother Law) သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

**သားစဉ်မြေးဆက်အတွက်**
**အရေးသုံးပါး**

ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါပင် ဖြစ်ပါသည်။ ယင်းကား ပြည်ထောင်စုစိတ်ဓာတ် မြစ်မကြီးဆီမှ ဖြာထွက်လာသော မြစ်လက်တက်များဖြစ်သည်။ ထိုတာဝန်များကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းဖော်ဆောင်ကာ ညီညီညာညာ ဆောင်ရွက်ခြင်းဖြင့် ကြံ့ခိုင်အေးချမ်းသာယာဖွံ့ဖြိုးသောနိုင်ငံတော်အဖြစ် ဆက်လက်ရပ်တည်ကြရမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီးဖြစ်ပါသည်။ နောင်ခေတ်အဆက်ဆက် အနာဂတ်ကာလများတွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။

**စည်းလုံးညီညာအောင်ကြောင်းဖြာ**

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားအားလုံး လက်တွဲညီညီ ရှေ့သို့ချီလျက်ရှိကြသည်။ မြေပြန့်နှင့် တောင်ပေါ်၊ မြစ်ဝကျွန်းပေါ်နှင့် မြစ်ဖျားဒေသ၊ တောင်နှင့်မြောက်၊ အရှေ့နှင့်အနောက် “ကူးလူးဆက်နွှယ်ချစ်ကြိုးသွယ်”နိုင်စေရန် တောင်တွေ့လျှင် လမ်းဖောက်၊ မြောင်းတွေ့လျှင် တံတားဆောက်၊ တစ်ယောက်တစ်လက် ဝိုင်းကူဖက်ခဲ့ကြသည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ကာ စီးပွားရေးတိုးတက်ဖွံ့ဖြိုးခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကားစေရန် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းလာခဲ့သည်။ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်ဝင်းဝါသော လယ်ယာရှုခင်းများဖြင့် လှပတင့်တယ်လာခဲ့ခြင်းမှာ နွေ၊ မိုး၊ ဆောင်းရာသီမရွေး သီးထပ်သီးညှပ်စိုက်ပျိုးနိုင်စွမ်းကြောင့်ဖြစ်သည်။ ဤစွမ်းအားသည် တစ်ဦးတစ်ယောက်တည်းအားနှင့် ရခဲ့ခြင်း မဟုတ်။ စုပေါင်းညီညာ လုပ်အားဖြာခဲ့ခြင်းကြောင့် ဖြစ်သည်။

တစ်ဖက်တွင်လည်း နိုင်ငံတော်၏ အန္တရာယ်ဖြစ်သော မူးယစ်ဆေးဝါးကိုလည်း စစ်ဆင်ရေး အဆင့်ဆင့်ဖြင့် တိုက်ဖျက်ပေးခဲ့ပြီး တိုင်းရင်းသားတို့၏ ဘဝလုံခြုံရေး၊ တိုးတက်မြင့်မားရေးကို ကြိုးစားဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။ “ညီညာမှ ပြည်သာမည်” ဖြစ်ရာ နိုင်ငံတော်အား ထိပါးလာမည့် ပြည့်ရန်စွယ်အပေါင်းကို တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် *စာမျက်နှာ ၁၃ သို့*

❖ **စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့သောကြောင့် မည်သည့်အခက်အခဲကိုမဆို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း မျက်မှောက်ခေတ် ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြီးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပုံကိုကြည့်လျှင် သိနိုင်ပါသည်။ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးစီမံချက်များရေးဆွဲကာ အစိုးရနှင့်ပြည်သူ ညီညွတ်စွာပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ဆိုးရွားသည့်အခြေအနေသို့ မရောက်ခဲ့ပါ။ စေတနာ၊ မေတ္တာထားကာ စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပါက အရာရာကို အောင်မြင်နိုင်ကြောင်း လက်တွေ့မြင်တွေ့ခဲ့ရပြီးဖြစ်**

# ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်းသည့် အကြောင်းအရာများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်



ဒီနေ့မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ကြော်ငြာခဲ့ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာကတော့ ယခုမှ အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေမဟုတ်ပါဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ၁၉၅၉ ခုနှစ်ကတည်းကတိုင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ ရှိပါတယ်။ အဲ့ဒီနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလထဲမှာ ဥပဒေအမှတ် ( ၂၇ / ၂၀၁၀ ) နဲ့ ၁၉၅၉ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်ပြီး သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အကြမ်းဖျင်းအားဖြင့် ပြောရမယ်ဆိုရင်တော့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာ အခန်း ၈ ခန်း ပါပါတယ်။ ဒီအခန်း ၈ ခန်းထဲမှာ အရေးကြီးတဲ့ဟာတွေကိုပဲ ကျွန်တော်ထုတ်နုတ်ပြီး ပြောလိုပါတယ်။ အခန်း ၁ မှာတော့ စစ်မှုထမ်းရမယ့် ကာလတွေ၊ ဒီစစ်မှုထမ်းရမယ့် ကာလတွေမှာ ဒီစစ်မှုထမ်းရမယ့် အသက်အရွယ်တွေ၊ ကာလတွေ၊ စစ်မှုထမ်းရမယ့် အသက်အရွယ်အနေနဲ့ နိုင်ငံသားတိုင်း အမျိုးသားဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီး ၃၅ နှစ် မကျော်သေးတဲ့လူတွေ၊ အမျိုးသမီးဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီး ၂၇ နှစ် မကျော်သေးတဲ့သူတွေ ဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်များအနေနဲ့ကတော့ အမျိုးသား အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၄၅ နှစ် မကျော်သေးတဲ့လူတွေ၊ အမျိုးသမီး အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅ နှစ်မကျော်သေးတဲ့သူတွေအားလုံးသည် စစ်မှုထမ်းဆောင်ဖို့အတွက် တာဝန်ရှိပါတယ်။ စစ်မှုထမ်းဆောင်ရမယ့်ကာလကတော့ ၂၄ လ (နှစ်နှစ်) ဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်များအနေနဲ့ ၃၆ လ (သုံးနှစ်) ဖြစ်ပါတယ်။

ဒီပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရတဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ဒီ့တာဝန်အရေး ၃ ပါးကို စောင့်ထိန်းဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့ ဒီဟာတွေကို စောင့်ထိန်းဖို့ တာဝန်ရှိတာနဲ့အညီ စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်ပါတယ်။ ဒ့ါပြင် နိုင်ငံသားတွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်မှာ နိုင်ငံသားတွေရဲ့ မူလတာဝန်ဝတ္တရားတွေ ရှိပြီးဖြစ်ပါတယ်။ အခြေခံဥပဒေ ပုဒ်မ ၃၈၅ မှာတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၈၆ မှာတော့ နိုင်ငံသားတိုင်းသာ ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ စစ်ပညာသင်ကြားရန်နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဆိုပြီး ပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါတွေနဲ့အတူတူပဲ ဒီနိုင်ငံသားတိုင်း စစ်မှုတာဝန် ထမ်းဆောင်နိုင်ရေးအတွက် တပ်မတော်ဟာ ပုဒ်မ ၂၀(ဃ)မှာ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားတာ တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါပြင် ဒီလိုဆောင်ရွက်တဲ့နေရာမှာ အခြေခံဥပဒေ ၃၃၉ မှာ နိုင်ငံတော်ကို ပြည်တွင်း/ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။ ပုဒ်မ ၃၄၀ မှာ တပ်မတော်ဟာ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာ ဖော်ဆောင်ရမည်လို့ ပါရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ဥပဒေအမှတ် (၂၇ / ၂၀၁၀) နဲ့ ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ အဲ့ဒီတစ်ရက်တည်းမှာပဲ နောက်ထပ် ဥပဒေ တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ ဥပဒေအမှတ် ( ၂၈ / ၂၀၁၀) နဲ့ ပြဋ္ဌာန်းခဲ့တယ်။ အရန်တပ်ဖွဲ့ ဥပဒေဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ စစ်မှုမထမ်းမနေရပြဋ္ဌာန်းထားတဲ့ နိုင်ငံ ၁၈ နိုင်ငံခန့် ရှိကြောင်းကို လေ့လာတွေ့ရှိပါတယ်။ တချို့အပိုင်းတွေမှာတော့ National Service အမျိုးသားစစ်မှုထမ်းစနစ်ဆိုတဲ့ခေါင်းစဉ်မျိုးတွေ ပြဋ္ဌာန်းထားတာမျိုးတွေ တွေ့ရပါတယ်။ အမျိုးသားစစ်မှုထမ်းတာဝန် National Service ကို တာဝန်ထမ်းဆောင်တဲ့နေရာမှာတော့ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ တာဝန်ထမ်းဆောင်ရတာကို တွေ့ရပါမယ်။ အကြမ်းဖျင်းလေ့လာကြည့်ရင်တော့ စစ်မှုထမ်းဆောင်ဖို့အတွက် ဥပဒေပြဋ္ဌာန်းပြီးတော့ စစ်မှုထမ်းဆောင်စေခြင်းမရှိတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ ခုနကပြောတဲ့ စစ်မှုထမ်းဆောင်တဲ့ ဥပဒေပြဋ္ဌာန်းပြီး မဖြစ်မနေ စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ နောက်တစ်မျိုးကတော့ ထူးခြားတဲ့ အခြေအနေတစ်ရပ်အတွင်း ဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံများဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မဖြစ်မနေစစ်မှုထမ်းဆောင်ခြင်းနဲ့ ဆန္ဒအရ စစ်မှုထမ်းဆောင်စေခြင်း ၊ နှစ်မျိုးလုံးကို ကျင့်သုံးနေတဲ့ နိုင်ငံများ ဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ မဖြစ်မနေ စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီး စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံများမှာ တပ်မတော်များမှာ တာဝန်ထမ်းဆောင်တဲ့နေရာမှာ အရပ်ဘက်လုပ်ငန်းတွေ၊ လက်နက်မကိုင်ရတဲ့ လုပ်ငန်းတွေ၊ တိုက်ပွဲမဝင်ရတဲ့နေရာတွေမှာ ရွေးချယ်အမှုထမ်းတဲ့နိုင်ငံတွေလည်း ရှိပါတယ်။ နောက်တစ်မျိုးကတော့ မဖြစ်မနေစစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံများရဲ့ စစ်တပ်များမှာ တာဝန်ထမ်းဆောင်ရာမှာ ရွေးချယ်ပိုင်ခွင့်မရှိတဲ့ နိုင်ငံများလည်း ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းပြီး တာဝန်ထမ်းဆောင်နေတဲ့ လက်ရှိ ၁၈ နိုင်ငံရှိကြောင်းကို တွေ့ရပါတယ်။ ဥပမာအနေဖြင့် ဩစတြေးလျ၊ ဂျာမနီ၊ အီရန်၊ မလေးရှား၊ မက္ကဆီကို၊ နော်ဝေ၊ ရုရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တူကီယဲ စတဲ့နိုင်ငံများ ဖြစ်ပါတယ်။ စစ်မှုထမ်းဆောင်ဖို့အတွက် မဖြစ်မနေ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီလိုပါပဲ တချို့နိုင်ငံတွေမှာ ခုနက ကျွန်တော်ပြောခဲ့တဲ့ ၆ မျိုး ပုံစံမျိုးတွေနဲ့ ရှိပါတယ်။ တချို့နိုင်ငံတွေကတော့ စစ်မှုမထမ်းမနေရစနစ်ကိုပဲ အပျော်တမ်းတပ်ဖွဲ့တွေ၊ အမြဲတမ်းမဟုတ်တဲ့ တပ်ဖွဲ့တွေ၊ ဒီလိုပုံစံမျိုးနဲ့ တာဝန်ထမ်းဆောင်နေတာမျိုးတွေလည်း ရှိပါတယ်။

ဒါကြောင့်မို့ ကျွန်တော်ပြောချင်တာက ကမ္ဘာပေါ်မှာတော့ စစ်မှုထမ်းဆောင်ခြင်းဆိုတာသည် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ပြည်သူအားလုံးမှာ တာဝန်ရှိတာနဲ့အညီ ပြဋ္ဌာန်းချက်အမျိုးမျိုး၊ ဥပဒေအမျိုးမျိုးနဲ့ ပြဋ္ဌာန်းသက်ဝင်လှုပ်ရှားနေတာပဲဖြစ်တယ် ဆိုတာကို ပြောလိုပါတယ်။ ကျွန်တော်တို့ ဒေသတွင်းနိုင်ငံများအနေနဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ လာအိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံဆိုရင် ၁၉၉၁ ခုနှစ်ကတည်းကတိုင် စတင်ပြဋ္ဌာန်း ကျင့်သုံးနေတာဖြစ်ပါတယ်။ အရွယ်ရောက်ပြီးတဲ့ အမျိုးသား ၁၈ နှစ် အထက်နဲ့ အရွယ်ရောက်ပြီးတဲ့ အမျိုးသမီး ၂၀ နှစ်အထက် ကျန်းမာရေးကောင်းမွန်သူအကုန်လုံးဟာ ပြည်သူ့စစ်ဌာနချုပ်အလိုက် တပ်သားသစ်စာရင်းသွင်းပြီး သင်တန်းပေးလေ့ကျင့် ၃ နှစ် စစ်မှုထမ်းတာဝန် ထမ်းဆောင်ရတာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကတော့ စစ်မှုထမ်းဆောင်ရန်မလိုဘဲနဲ့ လေ့ကျင့်ရေးစစ်ပညာ အခြေခံသင်တန်းကို သက်ဆိုင်ရာ ပြည်နယ်စစ်ဌာနချုပ်တွေမှာ ၆ လ သင်တန်းတက်ရတာမျိုး တွေ့ပါတယ်။ အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာဆိုရင် အမျိုးသားအားလုံး တပ်မတော်မှာ တာဝန်ထမ်းဆောင်ရမယ်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ အရန်တပ်သားအဖြစ် မှတ်ပုံတင်သူတွေဟာ အသက် ၂၁ နှစ် ပြည့်တဲ့နှစ်မှာ မိမိစစ်မှုထမ်းဆောင်ရန် မှတ်ပုံတင်ထားတဲ့ မြို့နယ်တွေမှာ ဒီဇင်ဘာလ ၃၁ ရက်နေ့မတိုင်မီ စစ်သင်တန်းတက်ရောက်ရန် စာရွက်စာတမ်းများ တောင်းယူရပါတယ်။

ပြီးရင် ကျွန်တော်တို့ စာရင်းသွင်းပြီးရင် ဥပဒေအရ စစ်မှုထမ်းဆောင်နိုင်ရေး ရွေးချယ်မှုအပေါ်မှာ မဲနှိုက်ရပါတယ်။ အနီမဲနဲ့ အနက်မဲဆိုပြီး နှစ်မျိုးရှိပြီး အနီမဲရတဲ့သူတွေက စစ်မှုထမ်းဆောင်ရပြီး၊ အနက်မဲရတဲ့သူတွေက စစ်မှုထမ်းဆောင်ရန် ကင်းလွတ်ခွင့် သူ့နေရာနှင့်သူ ပြဋ္ဌာန်းကျင့်သုံးနေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ စင်ကာပူနိုင်ငံဆိုရင် အမျိုးသားစစ်မှုထမ်းမှု ဥပဒေကို ၁၉၆၇ မှာ အသက် ၁၈ နှစ်ပြည့်ပြီးတဲ့သူတိုင်း နှစ်နှစ်စစ်မှုထမ်းတာဝန် ထမ်းဆောင်ရတာဖြစ်ပါတယ်။ ဒါတွေသည် ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း စစ်မှုထမ်းဆောင်ခြင်းဆိုတဲ့ အကြောင်းအရာသည် ယခင်ကတည်းကတိုင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ယခင်ကျွန်တော်တို့ အင်္ဂလိပ်လက်ထက် ဂျပန်ခေတ်ကတိုင် ထောင်ပြုမြို့၊ ဆယ်ပြုမြို့၊ ရာပြုမြို့ စတဲ့စစ်မှုထမ်းဆောင်နိုင်ရန်အတွက် မြို့အလိုက်ကနေပြီးတော့ စစ်မှုထမ်းဆောင်ရန် ဆင့်ခေါ်လျှင် မြို့အလိုက် လူဦးရေ တစ်ထောင်၊ လူဦးရေရာဂဏန်း၊ လူဦးရေဆယ်ဂဏန်း စစ်မှုထမ်းဆောင်ရန်အတွက်၊ နိုင်ငံတော်တာဝန်ထမ်းဆောင်ရန်အတွက် လုပ်ဆောင်ပေးရတဲ့ဟာတွေ ရှိပါတယ်။

*စာမျက်နှာ ၁၅ သို့*

*စာမျက်နှာ ၁၂ မှ*

လက်တွဲတိုက်ဖျက်ကြရမည် ဖြစ်သည်။

စည်းလုံးခြင်းသည် ခွန်အား၊ ညီညွတ်ခြင်းသည် အင်အားပင် ဖြစ်သည်။ သူတစ်လူ ငါတစ်မင်းကြောင့် ဖြစ်ပွားခဲ့ရသော အတိတ်သမိုင်းတို့ကို သင်ခန်းစာယူပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချီတက်ကြရမည် ဖြစ်သည်။

ယဉ်ကျေးမှုဟူသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် တည်ဆောက်ရသည့် ဗိမာန်ကြီးမဟုတ်ပါ။ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ် အနုပညာလက်ရာများ၊ စေတီပုထိုးဂူကျောင်းများ၊ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများသည် တစ်ဦးတစ်ယောက်တည်းကြောင့် ဖြစ်တည်လာရခြင်း မဟုတ်ဘဲ စုပေါင်းအားဖြင့် မတည်လာခဲ့ခြင်း ဖြစ်သည်။

စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့သောကြောင့် မည်သည့်အခက်အခဲကို မဆို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း မျက်မှောက်ခေတ် ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြီးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပုံကိုကြည့်လျှင် သိနိုင်ပါသည်။ ကမ္ဘာ့ကပ်ရောဂါ ဆိုးကြီးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးစီမံချက်များရေးဆွဲကာ အစိုးရနှင့်ပြည်သူ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ဆိုးရွားသည့် အခြေအနေသို့ မရောက်ခဲ့ပါ။ စေတနာ၊ မေတ္တာထားကာ စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပါက အရာရာကို အောင်မြင်နိုင်ကြောင်း လက်တွေ့မြင်တွေ့ခဲ့ရပြီး ဖြစ်ပါသည်။

**ပြည်သာဖို့ရေး မျှော်ရှုတွေး**

"သမဂ္ဂါနံ တပေါ ၊သုခေါ" ညီညွတ်ခြင်းသည် ချမ်းသာကြောင်း အကျင့်ကောင်းဖြစ်သည်ဟူသော "ဓမ္မပဒ ဗုဒ္ဓဝဂ်" လာ မြတ်စွာဘုရား ဟောကြားတော်မူသည့် ဒေသနာတော်အရ လောကဌ ညီညွတ်ခြင်းသည် ရန်အပေါင်းကို အောင်မြင်စေသည်။ အေးချမ်းမှုကို ရစေသည်။ ကြီးပွားမှုကို ဖြစ်စေသည်။ နိုင်ငံသားများအနေဖြင့် မိမိတို့၏ဘိုးဘွားတို့ပေးခဲ့သော "ပြည်ထောင်စုစိတ်ဓာတ်" အမွေကို ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး စည်းလုံးညီညာ အောင်ကြောင်းဖြာ၊ ပြည်သာဖို့အရေး မျှော်ရှုတွေး၍ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုကြရင်း အေးချမ်းသောရွှေပြည်တော်သစ်ဆီသို့ စုပေါင်းအားဖြင့် ချီတက်ကြပါစို့။ ။





# ဓာတ်အားပေးစက်တစ်လုံး ပြင်ဆင်နေဆဲကာလတွင် လျှပ်စစ်ဓာတ်အားများကို ပြည့်ဝစွာထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် စုဆောင်းထားရှိသည့်ရေများကို အကျိုးရှိစွာအသုံးပြုပြီး စက်စွမ်းအားပြည့် မောင်းနှင်လည်ပတ်ထုတ်လုပ်သွားရန် လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ပေါင်းလောင်းဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု၊ ရေသိုလှောင်ထားရှိမှုအခြေအနေနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပစ္စည်းစီမံရေးဌာန(စတို)၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဇေယျာသီရိမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု၊ ဓာတ်အားပေးစက်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ နှစ်အလိုက်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားပေးစက်နှစ်လုံးကို ပြင်ဆင်ပြီးဖြစ်ကြောင်း၊ လက်ရှိတွင် ဓာတ်အားပေးစက်တစ်လုံးပြင်ဆင်နေဆဲကာလများတွင် လျှပ်စစ်ဓာတ်အားများကို ပြည့်ဝစွာထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်အတွက် စုဆောင်းထားရှိသည့်ရေများကို အကျိုးရှိစွာအသုံးပြုပြီး စက်စွမ်းအားပြည့် မောင်းနှင်လည်ပတ် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ စက်ရုံရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် မောင်းနှင်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် စက်များ၏ ကြံ့ခိုင်ရေး ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျစီမံချက်ရေးဆွဲ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ်လုံခြုံရေးအဆင့် စီစဉ်ထားရန် လိုအပ်ကြောင်းမှာကြားပြီး ဝန်ထမ်းများအား ချီးမြှင့်ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဓာတ်အားပေးစက်ရုံရှိ တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များမောင်းနှင်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် ဓာတ်အားပေးစက်အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပေါင်းလောင်းရေလှောင်တမံသို့ ရောက်ရှိရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပေါင်းလောင်းတမံရေပိုလွှဲတွင် အလျား ၁၄၀ ဒသမ ၅ မီတာ၊ ၁ ဒသမ ၅ မီတာအမြင့် Hydraulic Elevator Dam (HED) တပ်ဆင်ခြင်းအားဖြင့် မူလကန်ရေပြည့် ရေလှောင်ပမာဏ ၅ ဒသမ ၄၉ သိန်း ဧကပေမှ ၅ ဒသမ ၇၀ သိန်းဧကပေအထိ ရေလှောင်ပမာဏ ၂၁၀၀၀ ဧကပေခန့် ပိုမိုသိုလှောင်ပြီး လျှပ်စစ်ထုတ်လုပ်မှုယူနစ် တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် လျှပ်စစ်ယူနစ် ရှစ်သန်းပိုမိုထုတ်လုပ်နိုင်မှု၊ ပေါင်းလောင်းရေလှောင်တမံနှင့် ရေပိုလွှဲကြံ့ခိုင်မှု၊ ပေါင်းလောင်းရေပိုလွှဲ HED တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးရန် လျာထားဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲတွင် ရေပိုမိုစုဆောင်းနိုင်ရန် ဂိတ်တံခါးတပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု **(အပေါ်ပုံ)**၊ တမံ၏ ကြံ့ခိုင်မှုနှင့် ဝန်ထမ်းအိမ်ရာလိုင်းခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ဒက္ခိဏသီရိမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပစ္စည်းစီမံရေးဌာန (စတို)သို့ ရောက်ရှိပြီး စတိုအတွင်းထားသိုမှုများကို သတ်မှတ်ထားမှုအတိုင်းဆောင်ရွက်ရန်နှင့် စာရင်းရေးသွင်းမှုကို အမြဲတမ်း Update ဖြစ်နေရန် လိုအပ်ကြောင်း၊ အထက်မြန်မာပြည်တွင် အသုံးပြုမည့်မီတာများအတွက် မီတာစမ်းသပ်မှုများပြုလုပ်ရန် စမ်းသပ်ကိရိယာများ ရောက်ရှိနေပြီဖြစ်သည့်အတွက် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်ရန် ပစ္စည်းလိုအပ်ချက်၊ လူလိုအပ်ချက်များတွက်ချက်၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်းမှာကြားပြီး ပစ္စည်းစီမံရေးဌာန (စတို) အတွင်း ထိန်းသိမ်းထားရှိသည့် စီမံကိန်းလုပ်ငန်းများ၊ ဓာတ်အားခွဲရုံများနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများအတွက် အသုံးပြုရန် စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိနေရာချထားမှုနှင့် နေပြည်တော်တွင် မီတာများ စမ်းသပ်စစ်ဆေးနိုင်ရန်အတွက် စက်ကိရိယာများ တပ်ဆင်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပသို့ စနစ်တကျတင်ပို့ရေး၊ ဒေသတွင်း တရားမဝင်တင်ပို့မှုမဖြစ်ပေါ်စေရေး၊ ပြည်ပဈေးကွက်များ ထိုးဖောက်ရှာဖွေရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ရှိ စားသုံးသူရေးရာ ဦးစီးဌာနရုံး၌ စားသုံးသူရေးရာ ဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာန မြိတ်ကုန်သွယ်ရေးစခန်းတို့မှ တာဝန်ခံရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs) များ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် တရားမဝင်ကုန်သွယ်မှုများ ပပျောက်စေရေးအတွက် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကတန်ကျွန်းရှိ ပြည့်ဖြိုးထွန်း International Co., Ltd. မှ ခေတ်မီရေခဲပုစွန်မွေးမြူနိုင်ရန်အတွက် အမှတ်(၄) ပုစွန်ကန်မွေးမြူရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် နိုင်ငံခြားငွေရရှိမှု ပိုမိုတိုးတက်စေရန်၊ ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရန်အတွက် ပုစွန်များကို ပိုမိုတိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်ရန်၊ ခေတ်မီနည်းပညာများကို အသုံးပြုမွေးမြူရန်နှင့် လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေရန်နှင့် လူမှုအကျိုးပြုလုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်ရန်တို့ကို မှာကြားပြီး ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ ကတ္တလူပုစွန်ကန်များကို သွားရောက်ကြည့်ရှုသည်။

အဆိုပါစီမံကိန်းဧရိယာသည် ၄၀၇ ဧကကျယ်ဝန်းပြီး ပုစွန်ကန်ပေါင်း ၇၆ ကန်ဖြင့် တစ်နှစ်လျှင် ပုစွန်တန်ချိန် ၆၀၀၀ ကျော် မွေးမြူထုတ်လုပ်နိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့ ကလွင်ကျေးရွာရှိ ဖိုးလမင်းကုမ္ပဏီ၏ ရော်ဘာမှိုင်းခံစက်ရုံတွင် ရော်ဘာများကို မှိုင်းခံ၍ ပြည်ပသို့ တင်ပို့ရောင်းချမည့် ကုန်ချောအဆင့်အထိ ဆောင်ရွက်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုပြီး ပြည်ပသို့ စနစ်တကျတင်ပို့ရေး၊ ဒေသတွင်း တရားမဝင်တင်ပို့မှု မဖြစ်ပေါ်စေရေး၊ ပြည်ပဈေးကွက်များ ထိုးဖောက်ရှာဖွေရေး၊ သတ်မှတ်



လျာထားချက်ထက် ပိုမိုတင်ပို့နိုင်ရေး၊ ပြည်တွင်းထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချနိုင်ရေး နည်းလမ်းရှာဖွေ ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့ ကျွဲကူးကျောက်ဖျာအထူးဆိပ်ကျေးရွာသို့ ရောက်ရှိပြီး ဖိုးလမင်းဆိပ်ခံတံတားတွင် ဖိုးလမင်းကုမ္ပဏီမှ ရော်ဘာကုန်ချော ထုတ်ကုန် (Mixtures of Natural Rubber and Synthetic Rubber– SBR) မတ်ထရစ်တန် ၁၄၁၁ ဒသမ ၂၀ ကို "MV SMART LINE 003" ကုန်တင်ရေယာဉ်ဖြင့် မလေးရှားနိုင်ငံသို့တင်ပို့ရန် ဆောင်ရွက်နေမှုနှင့် ရော်ဘာသိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၃ မှ*

ဒါ့အပြင်လွတ်လပ်ရေးတိုက်ပွဲဝင်ကာလ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ဗမာ့လွတ်လပ်ရေးတပ်မတော် BIA ဖွဲ့စည်းခဲ့ပါတယ်။ ဒီ BIA မှာလည်း စစ်မှုထမ်းဆောင်ဖို့ စစ်စည်းရုံးဖို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဘန်ကောက်မှာ အင်အား ၂၀၀ လောက်နဲ့စတင်ခဲ့တဲ့ BIA ဟာ ၆ လ ၇ လအတွင်းမှာ အင်အား ၅ သောင်းအထိ စစ်စည်းရုံးနိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့လည်း လွတ်လပ်ရေးကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ကျင့်သုံးနေတဲ့ စစ်မဟာဗျူဟာသည် ပြည်သူ့စစ်မဟာဗျူဟာဖြစ်ပါတယ်။ ဒါမြန်မာနိုင်ငံနှင့် အသင့်တော်ဆုံးစစ်မဟာဗျူဟာကို သုံးသပ်ချမှတ်တဲ့နေရာမှာ ၁၉၆၄ ခုနှစ်တပ်မတော်တပ်မှူးများညီလာခံကနေစပြီး ပြည်သူ့စစ်မဟာဗျူဟာအကောင်အထည်ဖော်ဖို့ စတင်ဆွေးနွေးခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မှာ ပြည်သူ့စစ်မဟာဗျူဟာကို လက်ခံရေးဆွဲခဲ့တာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ စစ်စည်းရုံးနိုင်မှုစွမ်းရည်နဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်နိုင်မှုစွမ်းရည်တွေကို ပြည်ပကျူးကျော်မှုဖြစ်တဲ့ တရုတ်ဖြူကွန်မင်တန် ကျူးကျော်စစ်ကာလ၊ ပြည်တွင်းသောင်းကျန်းမှု အရှိန်မြင့်တင်နေတဲ့ကာလတွေမှာ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ရပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမဒေသတွေမှာဆိုရင် ပြည်သူအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးပြီးတော့ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ပြည်တွင်းသောင်းကျန်းမှု မြန်မာနိုင်ငံအလယ်ပိုင်းဒေသ အရေးပါတဲ့ဒေသမှာ ပြည်တွင်းသောင်းကျန်းမှုကို အတူတူချုပ်ငြိမ်းသွားရခြင်းပဲဖြစ်ပါတယ်။

ဒီနေ့ ဒီအချိန်အခါမှာလည်း ကျွန်တော်တို့ နိုင်ငံအနေနဲ့ဖြစ်ပေါ်နေတဲ့ အခြေအနေများအရ ပြည်သူ့စစ်မဟာဗျူဟာ ပြည်သူအားလုံးပါဝင်တဲ့ အမျိုးသားစစ်မှုထမ်းစနစ် မဖြစ်မနေကျင့်သုံးဖို့ လိုအပ်လာပါတယ်။ ဒါတွေကြောင့် ကျွန်တော်တို့အနေနဲ့ ဒါတွေကို ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း လိုအပ်လာလျှင် အရင်အမျိုးသားစစ်မှုထမ်းစနစ်ထက် မြင့်မားတဲ့ စစ်စည်းရုံးမှု War Mobilization ဆိုတဲ့ ပုံစံမျိုးအထိ လုပ်ဆောင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုမျိုး လုပ်ဆောင်လာခြင်းဟာ နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်လာလျှင် ဆောင်ရွက်ရခြင်းသာဖြစ်ပါတယ်။ စစ်စည်းရုံးခြင်းဆိုတဲ့ဟာတွေ ဆောင်ရွက်တဲ့အခါမှာတော့ နိုင်ငံတော်မှာ စစ်ကာလ ဒါမှမဟုတ် အရေးပေါ်ကာလရည်မှန်းချက်များကို အောင်မြင်နိုင်ဖို့အတွက် နိုင်ငံရဲ့အရင်းအမြစ်များကို စုစည်းတဲ့၊ ဖွဲ့စည်းတဲ့၊ အသုံးချတယ်ဆိုတဲ့ဟာတွေကို ကျွန်တော်တို့ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ယခုကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတဲ့ ပြည်သူ့စစ်မှုထမ်း ဥပဒေထက်မြင့်မားတဲ့ကိစ္စတွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဥပမာ စစ်စည်းရုံးခြင်းတွေမှာဆိုရင် နိုင်ငံရေးအရ စစ်စည်းရုံးမှုတွေ၊ စီးပွားရေးအရ စစ်စည်းရုံးမှုတွေ၊ စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ စစ်စည်းရုံးမှုတွေ ဒါကြောင့်မို့ စစ်စည်းရုံးမှုပုံစံတွေ စစ်စည်းရုံးမှုအသွင်သဏ္ဌာန်တွေနဲ့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရခြင်းဟာ ကျွန်တော်တို့အနေနဲ့ စစ်ရေးတာဝန်တစ်ခုတည်းကို ရည်မှန်းပြီးတော့ ဆောင်ရွက်ရတာပါ။ ပြည်သူ့စစ်မဟာဗျူဟာရဲ့သဘောမှာ အမြဲတမ်းတပ်မတော်နဲ့ ပြည်သူတို့အကြား အဆက်ဆက်ဆိုတာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအမြဲတမ်းတပ်မတော်နဲ့ ပြည်သူတို့ရဲ့အကြား အဆက်ဆက်ကို ပြည်သူ့စစ်မှုထမ်းဥပဒေက ပိုပြီးတော့ ခိုင်မာစေမှာဖြစ်ပါတယ်။ ပိုပြီးတော့ တည်မြဲစေမှာဖြစ်ပါတယ်။ ဒီလိုမျိုးဆောင်ရွက်တဲ့နေရာမှာ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးကျေးဇူးတွေအနေနဲ့က စစ်ကိုဟန့်တားနိုင်တဲ့စွမ်းရည် Utterance Power ပိုမိုပြီးရရှိလာမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြရလျှင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် မိမိတို့နိုင်ငံရဲ့ကာကွယ်ရေးအင်အားနဲ့ မိမိတို့ပြည်သူလူထုရဲ့ ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာအသိစွမ်းရည်တွေကို ပြသနိုင်မှာဖြစ်ပါတယ်။ ဒီလိုပြသနိုင်ခြင်းအားဖြင့် ပြိုင်ဘက်ရန်သူတွေဟာ ရန်ပြုလိုစိတ်၊ စစ်နဲ့ယှဉ်ပြိုင်လိုစိတ်များ ပျောက်ကွယ်သွားလျှင် ဟန့်တားရေးမဟာဗျူဟာအောင်မြင်ပါတယ်။ စစ်မဖြစ်ရဘဲ ဟန့်တားရေးမဟာဗျူဟာအောင်မြင်ခြင်းဖြစ်ပါတယ်။ စစ်ကိုဟန့်တားနိုင်တဲ့ စွမ်းရည်တွေရရှိလာမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီနိုင်ငံတော်လုံခြုံရေးအတွက် ကြိုတင်အခြေအနေတွေ ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူအားလုံးသည် စစ်မှုထမ်းစနစ်နဲ့ အကျုံးဝင်နေတဲ့အတွက် စစ်ဘက်အရပ်ဘက် ဆက်ဆံရေးလည်း ပိုမိုကောင်းမွန်စေနိုင်မှာဖြစ်ပါတယ်။ ပြီးရင်တော့ အမြဲတမ်းတပ်မတော်ကို အင်အားအကြီးမားဆုံး၊ အခိုင်ခံ့ဆုံး မတည်ဆောက်ဘဲ ပြည်သူအားလုံးပါဝင်တဲ့စနစ်ကို ဖော်ဆောင်မှာဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့စီးပွားရေးတည်ဆောက်မှုနဲ့ ကာကွယ်ရေးတည်ဆောက်မှုတို့ကို ဘက်ညီမျှတစေမှာလည်း ဖြစ်ပါတယ်။ ပြီးရင် စစ်သိပ္ပံနဲ့နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိလာမှာဖြစ်ပါတယ်။ ပြီးရင်တော့ နိုင်ငံလုံးဆိုင်ရာ စုစည်းညီညွတ်မှုတွေ ပိုမိုတိုးတက်လာစေမှာဖြစ်ပါတယ်။ ဒီအကျိုးကျေးဇူးတွေရရှိနိုင်မှာ ဖြစ်တဲ့အပြင် ကျွန်တော်တို့ နိုင်ငံရဲ့လိုအပ်နေတဲ့ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေး သွေးစည်းညီညွတ်မှု National Sovereignty ဒါတွေလည်း တိုးမြင့်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ပြောလိုတာကတော့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာသည် စစ်သားမှာတာဝန်ရှိတာမဟုတ်ပါဘူး၊ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူလူထုတစ်ရပ်လုံးမှာ တာဝန်ရှိပါတယ်။ နိုင်ငံတော်လုံခြုံရေးတာဝန်ဆိုတာသည် အားလုံးမှာတာဝန်ရှိပါတယ်။ ဒါကြောင့်မို့ ဒီပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို အားလုံးက ဂုဏ်ယူဝမ်းမြောက်စွာနဲ့ တာဝန်ထမ်းဆောင်ကြဖို့ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# မူပိုင်ခွင့်နည်းဥပဒေများ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်း

နိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ခိုင်မာတောင့်တင်းသော မူပိုင်ခွင့်စနစ်တည်ရှိနေခြင်းသည် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရေးမှာ များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားမှုသည်လည်း ကဏ္ဍအလိုက် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှု၊ နိုင်ငံတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်စီးဆင်းမှုများပြားလာမှု စသည့်အချက်များအပေါ်တွင် မူတည်လျက်ရှိပါသည်။ ၎င်းကဏ္ဍများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးမြင့်မားလာစေရန်အတွက် မူပိုင်ခွင့်သည် မရှိမဖြစ်လိုအပ်သည့်အချက်တစ်ခုအဖြစ် ပါဝင်ပါသည်။

အထူးသဖြင့် တစ်ကမ္ဘာလုံးပေါင်းစည်းဖြစ်ပေါ်မှုဖြစ်စဉ် (globalization) လျင်မြန်စွာဖြစ်ပေါ်လျက်ရှိခြင်းကြောင့် နိုင်ငံခြားကုန်သွယ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် မူပိုင်ခွင့်ကိစ္စများသည် ပိုမိုကျယ်ပြန့်လာခဲ့ပြီး အထူးအရေးပါလာသည့်အတွက် မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ်တစ်ခု ပေါ်ထွန်းလာစေရန် ၂၀၁၉ ခုနှစ်က နိုင်ငံတကာနှင့် ကိုက်ညီသည့် မူပိုင်ခွင့်ဥပဒေလေးရပ်ကို ပြဋ္ဌာန်းခဲ့ပါသည်။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ (Trademark Law)၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ (Industrial Design Law)၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ (Copyright Law) နှင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေ (Patent Law) တို့ ဖြစ်ပါသည်။

အတည်ပြုပြဋ္ဌာန်းခဲ့သော မူပိုင်ခွင့်ဥပဒေများအရ တာဝန်ခံဝန်ကြီးဌာနအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ပေးအပ်ခဲ့သည့်အတွက် ဥပဒေများအာဏာတည်ရေးနှင့် အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

၂၀၁၉ ခုနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့သော မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ရန်အတွက် မူပိုင်ခွင့်နည်းဥပဒေလေးခုနှင့် မူပိုင်ခွင့်နှင့် ဆက်နွယ်သည့် အခြားနည်းဥပဒေသုံးခုကိုလည်း ရေးဆွဲလျက်ရှိပါသည်။ အဆိုပါနည်းဥပဒေများအနက် အတည်ပြုထုတ်ပြန်ပြီးသည့် နည်းဥပဒေများမှာ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေကို ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၃) ဖြင့်လည်းကောင်း၊ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၃) ဖြင့်လည်းကောင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာလက်ရာများ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၃) ဖြင့်လည်းကောင်း ထုတ်ပြန်ပြီးဖြစ်ပါသည်။ တီထွင်မှုမူပိုင်ခွင့်နည်းဥပဒေကို ထုတ်ပြန်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

မူပိုင်ခွင့်နှင့်ဆက်နွယ်သည့် အခြားနည်းဥပဒေသုံးခုကိုလည်း ရေးဆွဲလျက်ရှိပါသည်။ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီနည်းဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ (CMO)၊ ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေတို့ဖြစ်ပါသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် လိုအပ်သည့် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ခြင်းဖြင့်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်ခြင်း၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်လာနိုင်ခြင်း၊ တီထွင်ဖန်တီးသူနှင့် သုံးစွဲသူများအကြားအကျိုးအမြတ်ကို မျှတစွာခွဲဝေခံစားစေခြင်းဖြင့် စာပေအနုပညာနှင့် စက်မှုကဏ္ဍများတွင် တီထွင်ဆန်းသစ်မှုများ ပေါ်ထွန်းလာနိုင်ခြင်းကြောင့် လူနေမှုအဆင့်အတန်း မြင့်မားလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

**မူပိုင်ခွင့်ဦးစီးဌာန**
**(မူဝါဒနှင့် စီမံကိန်းဌာနခွဲ)**

**ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဝင်းဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၇ ရက်က လမ်းမတော်မြို့နယ် (၁၂) ရပ်ကွက် သရက်တောကျောင်းတိုက်ရှိ ဘုန်းတော်ကြီးကျောင်းများ မီးဘေးလုံခြုံရေးစစ်ဆေးပြီး ငွေကျပ် ၁၈၄၈၀၀၀ ရှိ မီးသတ်ဆေးဘူး ၆၆ ဘူး တပ်ဆင်လှူဒါန်းပေးစဉ်။**

ကျော်ဆန်းမြင့်



**ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးစီးမှူး ဦးဇေယျာဖြိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပွင့်လင်းရာသီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အရှေ့ဘက်ကမ်းရပ်ကွက်အတွင်းရှိ နေအိမ်များအတွင်း လျှပ်စစ်မီး၊ မီးဖိုသုံးစွဲဆောင်ရွက်နေမှုများကို ဖေဖော်ဝါရီ ၉ ရက်က ကြည့်ရှုစစ်ဆေးစဉ်။**


အောင်မြတ်လင်း (ပြန်/ဆက်)



# ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဘေးကင်းလုံခြုံစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆီသို့

ဒေါက်တာအာကာ(ဆိပ်ကမ်း)

ပင်လယ်ရေကြောင်းပို့ဆောင်ရေး(Maritime Transport)သည် နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခန်းကဏ္ဍနှင့် တိုက်ရိုက်ချိတ်ဆက်မှုရှိနေပြီး နိုင်ငံ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါနေပါသည်။ ကုန်သွယ်မှုနည်းလမ်းများအနက် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုးရဲ့ ၇၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ ၈၀ ရာခိုင်နှုန်းရှိကြောင်းကို United Nation Conference on Trade and Development (UNCTAD) မှ နှစ်စဉ်ထုတ်ပြန်သော Review of Maritime Transport အရ သိရှိရပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံရှိသည့်အနက် Normal Trade ၏ အဓိကဖြစ်သော ပင်လယ်ရေကြောင်း ဖြင့် ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်၊ ရာခိုင်နှုန်းအားဖြင့် ၇၅ ရာခိုင်နှုန်း၊ နယ်စပ်ကုန်သွယ်မှုတန်ဖိုးသည် ၉ ဘီလီယံခန့် ရာခိုင်နှုန်းအားဖြင့် ၂၅ ရာခိုင်နှုန်းရှိခဲ့သည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကို မြှင့်တင်နိုင်ပြီး နိုင်ငံ့လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ရေရှည်တည်တံ့အောင် အထောက်အကူပြုနိုင်ရန်အတွက် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ (Port Industry)ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်သွားကြရမည်မှာ မလွဲကေန်ဖြစ်ပါသည်။




အမေရိကန်ဒေါ်လာ(သန်း)

| | ပင်လယ် | နယ်စပ် | ပေါင်း | ပင်လယ် (%) | နယ်စပ် (%) |
|---|---|---|---|---|---|
| ပို့ကုန် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| သွင်းကုန် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ပေါင်း | [illegible] | [illegible] | [illegible] | ၇၅% | ၂၅% |

## ပင်လယ်ရေကြောင်းပို့ဆောင်ရေးကွန်ရက်နှင့် ချိတ်ဆက်ပေးနိုင်သော ပင်လယ်ထွက်ပေါက်ပိုင်ဆိုင်ထား

မြန်မာနိုင်ငံသည် စုစုပေါင်း ရေမိုင် ၁၂၆၀ မိုင် ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပြီး ပထဝီအနေအထားအရ လူဦးရေထူထပ်လှသည့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းမြေချင်းထိစပ်နေသလို အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းပို့ဆောင်ရေးကွန်ရက်နှင့်လည်း ကောင်းစွာချိတ်ဆက် ဆောင်ရွက်ပေးနိုင်သော ပင်လယ်ထွက်ပေါက်ကိုလည်း ပိုင်ဆိုင်ထားသည့် ကမ်းရိုးတန်းနိုင်ငံ (Rimland Country) တစ်နည်းအားဖြင့် ပင်လယ်ရေကြောင်းပိုင်နက်နိုင်ငံ (Maritime State)တစ်ခု ဖြစ်ပါသည်။ နိုင်ငံ၏ ပထဝီအနေအထားအားသာချက်ကို အပြည့်အဝအသုံးချပြီး နိုင်ငံ့လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်း ဘက်စုံသယ်ယူပို့ဆောင်ရေး(Multimodal Transport)နည်းလမ်းများဖြင့် Transport and Logistics ကဏ္ဍတစ်ရပ်လုံး ဟန်ချက်ညီညီ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်နိုင်ရေးကို အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

## ရေလမ်းကြောင်းတိုးတက်ကောင်းမွန်အောင် စဉ်ဆက်မပြတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှု(Maritime Trade) အဆင်ပြေချောမွေ့စေရေးအတွက် တစ်ဖက်တွင် ကြီးကြပ်စီမံခန့်ခွဲခြင်း(Administration)နှင့် ပံ့ပိုးပေးခြင်း(Facilitation)တို့ကို ဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက် တွင်လည်း ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းပြီး ဝန်ဆောင်မှုများကို လည်ပတ်လုပ်ကိုင်ပေးခြင်း (Operation)ကို ဆောင်ရွက်နေသည့် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် ဆိပ်ကမ်းလုပ်ငန်း၊ ရေကြောင်းပြလုပ်ငန်း၊ ကုန်တင်ကုန်ချလုပ်ငန်း၊ သင်္ဘောကိုယ်စားလှယ်လုပ်ငန်းစသည့် ဝန်ဆောင်မှုများကို ကောင်းမွန်ပြည့်စုံစွာ ဝန်ဆောင်မှုပေးနိုင်မှသာ ဆိပ်ကမ်းအသုံးပြုသူများဖြစ်ကြသည့် သင်္ဘောလိုင်းများနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ကြီးများအနေဖြင့် ပေးရသည့် ဝန်ဆောင်ခနှင့် ထိုက်တန်သော ဝန်ဆောင်မှုများကို ရရှိပြီး ကျေနပ်မှုများလည်း ရရှိကြမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံ၏ အဓိကဆိပ်ကမ်းဖြစ်ပြီး မြစ်တွင်းဆိပ်ကမ်း (River Port) တစ်ခုသာဖြစ်သော ရန်ကုန်ဆိပ်ကမ်း၏ ရေလမ်းကြောင်းအတွင်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်သင်္ဘောကြီးများ နေ့/ည ဘေးကင်းလုံခြုံစွာ ဝင်/ထွက်သွားလာနိုင်စေရန်အတွက် ရေလမ်းကြောင်းတိုးတက်ကောင်းမွန်အောင် စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ လိုအပ်သည့် နည်းပညာမြင့် ခေတ်မီ စက်ကိရိယာ/ရေယာဉ်များ ကိုလည်း အလေးထား ဖြည့်တင်းဆောင်ရွက်လျက်ရှိပါသည်။

## ကန့်သတ်ချက်များကြောင့် နိုင်ငံ၏ကုန်သွယ်မှုကို များစွာအဟန့်အတားဖြစ်စေခဲ့

အလျဉ်းသင့်၍ ရန်ကုန်မြစ်ရေလမ်းကြောင်း တိုးတက်လာမှု အခြေအနေများကိုလည်း တင်ပြလိုပါသည်။ ရန်ကုန်ဆိပ်ကမ်းသည် အိမ်နီးချင်း ထိုင်းနိုင်ငံ၏ ဘန်ကောက်ဆိပ်ကမ်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စစ်တကောင်းဆိပ်ကမ်းတို့ကဲ့သို့ မြစ်တွင်း ဆိပ်ကမ်းတစ်ခု ဖြစ်ပါသည်။ မြစ်တွင်းဆိပ်ကမ်းဖြစ်သည့်အတွက် ယခင်က သင်္ဘောကြီးများ ဝင်/ထွက်ကြရာတွင် ဒီရေအတက်အကျပေါ် မူတည်ပြီး ရေစူး ကန့်သတ်ချက်များနှင့် သန်လျက်စွန်း Monkey Point ရှိ အတွင်းစည်းခုံ (Inner Bar)နှင့် ရန်ကုန်မြစ်အဝင် Elephant Point ရှိ အပြင်စည်းခုံ (Outer Bar) တို့ကို ခက်ခဲစွာ ဖြတ်သန်းခဲ့ကြရပါသည်။ Inner Bar နေရာတွင် နွေရာသီ၌ ရေစူး ၈ မီတာအထိသာ ဖြတ်သန်းခွင့်ပြုနိုင်ပြီး ရေလမ်းအကျယ်မှာလည်း ၈၀ မီတာသာ ရှိပါသည်။ ထို့အပြင် ရန်ကုန်မြစ်၊ ပဲခူးမြစ်နှင့် ပုဇွန်တောင်ချောင်း မြစ်သုံးဆိုင် နေရာဖြစ်ပြီး ဝင်/ထွက်ရာတွင် တံတောင်ဆစ်ချိုးကွေ့ရသည့်အတွက် သင်္ဘောကြီးများကို ကိုင်တွယ်မောင်းနှင်ပေးရသော ရေကြောင်းပြမှူးကြီး Pilot များအတွက်လည်း စွန့်စားရမှု (Risk) ကြီးမားခဲ့ပါသည်။ ထိုစဉ်က အပြင် စည်းခုံကို ရေစူး ၉ မီတာအပြည့်ဖြင့် တစ်လလျှင် သုံး၊ လေးရက်ခန့်သာ ဝင်ထွက်နိုင်ပြီး အတွင်းစည်းခုံကိုလည်း ရေစူး ၈ မီတာဖြင့်တစ်လလျှင် လေး၊ ငါးရက်ခန့်သာ ဝင်ထွက်နိုင်ခဲ့ပါသည်။ မကြာခဏ သောင်တင်သောင်ငြိဖြစ်စဉ်များလည်း ရှိခဲ့သည့်အတွက် Monkey Point ကို ညအချိန်(နေဝင်ပြီးချိန်မှနေမထွက်မီအချိန်အတွင်း)တွင် ဖြတ်သန်းခွင့် မပြုနိုင်သည့် အခြေအနေအထိ ရောက်ရှိခဲ့ပါသည်။ ထို့ကြောင့် ယခင်က ရန်ကုန်အတွင်းဆိပ်ကမ်း (Inner Harbour)မှ ထွက်ခွာသည့် ကုန်သေတ္တာသင်္ဘောတစ်စင်းသည် ဆိပ်ကမ်းမှ ခွာပြီးသည့်နောက် ရေချိန်ကိုစောင့်ဆိုင်း၍ Monkey Point ကို အန္တရာယ်ကင်းစွာဖြတ်နိုင်ရန် ရေလယ်ဗော်ယာတွင်ချည်၍ စောင့်ဆိုင်းရပြီး Monkey Point ဖြတ်ပြီးချိန်တွင်လည်း ရေချိန်စောင့်ရန် Old Explosive Anchorage (OEA), New Explosive Anchorage (NEA) နေရာများတွင် ထပ်မံပြီး ကျောက်ချစောင့်ဆိုင်းခဲ့ရသည့်အတွက် အထွက်ခရီးအတွက်ပင် နှစ်ရက်ခန့် ကြာမြင့်ခဲ့ရပါသည်။ အဆိုပါ ကန့်သတ်ချက်များကြောင့်လည်း နိုင်ငံ၏ကုန်သွယ်မှုကို များစွာ အဟန့်အတား ဖြစ်စေခဲ့ပါသည်။

ရေလမ်းကြောင်းအသစ်နှင့် အဟောင်းပြပုံ



သို့ရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြိုးပမ်းရှာဖွေမှုနှင့် သောင်တူးဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ရေလမ်းကြောင်းအသစ် King's Bank Channel ကို ဖော်ထုတ်နိုင်ခဲ့ပြီး စဉ်ဆက်မပြတ် တိုင်းထွာ၍ သောင်တူးဖော် ထိန်းသိမ်းထားနိုင်ခြင်း (Maintenance Dredging)နှင့် လိုအပ်သည့်နေရာများတွင် စဉ်ဆက်မပြတ်သောင်တူးဖော်ခြင်း (Intensive Dredging)လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိနေပါသည်။ King's Bank Channel ရေလမ်းကြောင်းအသစ်သည် ရေယာဉ်ကြီး နှစ်စင်း ကောင်းစွာရှောင်တိမ်းသွားလာနိုင်သည့် (Two-Lane Traffic)အတွက် လုံလောက်သည့် ရေလမ်းအကျယ် ၄၅၀ မီတာရှိသဖြင့် သင်္ဘောကြီးများ နေ့/ည ၂၄ နာရီ အချိန်မရွေး ဝင်ထွက်နိုင်လာပါသည်။ ရေလမ်းကြောင်းအသစ် ဖော်ထုတ်နိုင်မှုကြောင့် လက်ရှိအချိန်တွင် သီလဝါဆိပ်ကမ်းဧရိယာ၌ ရေစူး ၁၀ ဒသမ ၅ မီတာ၊ အလျား ၃၀၀ မီတာနှင့် တန်ချိန် ၅၀၀၀၀၊ ရန်ကုန်အတွင်းဆိပ်ကမ်းဧရိယာ၌ ရေစူး ၉ ဒသမ ၆ မီတာ၊ အလျား ၂၀၀ မီတာနှင့် တန်ချိန် ၃၅၀၀၀ အထိ တင်ဆောင်နိုင်သည့် သင်္ဘောကြီးများကို လက်ခံဝန်ဆောင်မှုများ ပေးလာနိုင်ပြီဖြစ်သည့်အပြင် ပိုမိုဘေးကင်းလုံခြုံစွာဖြင့်လည်း ဝန်ဆောင်မှုများ ပေးနေနိုင်ပြီဖြစ်ပါသည်။


*စာမျက်နှာ ၁၇ သို့*


**"နှစ်စဉ် တိုးတက်လာနေသည့် နိုင်ငံ၏ ကုန်သွယ်မှုလိုအပ်ချက်ပမာဏကို နိုင်နင်းစွာ ကိုင်တွယ်ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဆိပ်ကမ်းတံတားများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရေလမ်းကြောင်းများကို ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ခြင်း၊ ကုန်ကိုင်တွယ်စက်ကိရိယာများနှင့် လုပ်ငန်းသုံးရေယာဉ်များ၊ စက်ကိရိယာများ ဖြည့်တင်းခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကျွမ်းကျင်လူ့စွမ်းအား အရင်းအမြစ်များကို စုဆောင်းလေ့ကျင့်ပျိုးထောင်ပေးခြင်းနှင့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကိုလည်း ကုန်သွယ်မှုပမာဏ တိုးတက်မှုနှင့် လိုက်လျောညီထွေ ထိရောက်အကျိုးရှိစွာ အသုံးချခြင်းတို့ကို ဆောင်ရွက်သွားမည်"**

*စာမျက်နှာ ၁၆ မှ*

ထိုသို့ ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေးနှင့် ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်နိုင်သည့်အတွက် အရွယ်အစား ပိုမိုကြီးမားသော သင်္ဘောကြီးများကို လက်ခံဝန်ဆောင်မှုများပေးလာနိုင်ပြီး ကုန်စည်များ ပိုမိုတင်ဆောင်လာနိုင်သည့်အတွက် နိုင်ငံတကာကုန်သွယ်မှုကို များစွာအထောက်အကူ ဖြစ်စေပါသည်။ ယခုအခါ ကုန်သေတ္တာတင် သင်္ဘောလိုင်းများသည် ယခင်ပုံမှန်ဝင်ရောက်နေသည်ထက် အရွယ်အစား ပိုမိုကြီးမားသည့် အထူးသဖြင့် Beam ပိုကျယ်ပြီး ကုန်သေတ္တာ TEU ၂၇၀၀ ခန့် တင်ဆောင်နိုင်သည့် သင်္ဘောအသစ်များဖြင့် ထပ်တိုး ဝင်/ထွက် ပြေးဆွဲနေပြီ ဖြစ်သည့်အတွက် ကုန်စည်များ ပိုမိုတင်ဆောင်လာနိုင်ခြင်းဖြင့် ဌာနနှင့်နိုင်ငံအတွက် ဝင်ငွေတိုးတက်ရှာဖွေပေးနိုင်သည့်အပြင် သွင်းကုန်/ပို့ကုန် လုပ်ငန်းရှင်များအတွက် ကုန်တင်တန်ဆာခကို သက်သာစေပြီး စားသုံးသူများအတွက်လည်း ကုန်ဈေးနှုန်းကို သက်သာစေနိုင်မည် ဖြစ်ပါသည်။

### ပြည်တွင်းပြည်ပမှ မှာယူတည်ဆောက်ခဲ့သည့် ရေယာဉ်အသစ် ရှစ်စင်းဆောင်ရွက်မှု





၆၀ မီတာ ဘက်စုံသုံး ဖော်ယာ မ/ချ ရေယာဉ် MV. Ganda



ဆိပ်ကမ်းလုပ်ငန်းသုံးရေယာဉ် (Harbour Launch)



ကုန်သေတ္တာ TEU ၂၆၀၀ ခန့် တင်ဆောင်နိုင်သည့် သင်္ဘောကြီး



မြေတူး-၂ ရေယာဉ်(26M Grab Dredger)



မြေခံ-၂ ရေယာဉ်(250m3 Split Hopper Barge)



မြေတူး-၃ ရေယာဉ်(25M Grab Dredger)



မြေခံ-၃ ရေယာဉ်(170m3 Split Hopper Barge)

အလားတူပင် ရန်ကုန်မြစ်ဝ၌ Offshore Fixed Pilot Station တစ်ခုကိုတည်ဆောက်အသုံးပြုနိုင်ခဲ့ခြင်းကြောင့်လည်း အဝင်အထွက် သင်္ဘောကြီးများကို စနစ်တကျ ရေလမ်းကြောင်း အထောက်အကူများ ပေးလာနိုင်ပြီး ရေကြောင်းပြမှူးကြီးများနှင့် ရေကြောင်းဆိုင်ရာ ဝန်ထမ်းများသည်လည်း ယခင်ကကဲ့သို့ Pilot Vessel သင်္ဘောတွင် အနေအစား ဆင်းရဲကျပ်တည်းစွာဖြင့် နေထိုင်ရန် မလိုအပ်တော့သည့် အပြင် ပိုမိုဘေးကင်းလုံခြုံစွာနဲ့ တာဝန်ထမ်းဆောင်နိုင်ကြပြီ ဖြစ်ပါသည်။ ထို့အပြင် ရန်ကုန်မြစ် ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းကြောင်း အချက်ပြအမှတ်အသားများ (Navigation Aids) ကို ပြုပြင်/အစားထိုးလဲလှယ်တပ်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း တို့ကိုလည်း အလေးထားပြီး ဆောင်ရွက်လျက်ရှိပါသည်။




ရန်ကုန် Offshore Fixed Pilot Station

ထို့အပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်၍ ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့လူမှုစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုဘေးကင်းလုံခြုံသည့် ဝန်ဆောင်မှုကောင်းများပေးနိုင်စေရန် ပြည်တွင်း၊ ပြည်ပမှ မှာယူတည်ဆောက်ခဲ့သည့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၇သန်းတန်ဖိုးရှိသော ရေယာဉ်အသစ် ရှစ်စင်း လုပ်ငန်းခွင်စတင်ဝင်ရောက်ခြင်း အခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အောင်မြင်စွာ ကျင်းပပြုလုပ်၍ အားသစ်လောင်းနိုင်ခဲ့ပါသည်။

ရေယာဉ် ရှစ်စင်းအနက် ၆၀ မီတာ ဘက်စုံသုံးဖော်ယာ မ/ချ ရေယာဉ် (Multipurpose Buoy Handling Vessel) MV. Ganda ကို တရုတ်နိုင်ငံ ကွမ်ကျိုးမြို့ရှိ Guangzhou Hangtong သင်္ဘောကျင်းတွင် တည်ဆောက်ခဲ့ပြီး ရန်ကုန်မြစ် ရေလမ်းကြောင်းတစ်လျှောက် နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများ ဘေးကင်းလုံခြုံစွာ ဝင်ထွက်သွားလာနိုင်ရန်နှင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်ရှိ ဆိပ်ကမ်းများ၏ ရေလမ်းကြောင်းများအတွင်း ဘေးအန္တရာယ်ကင်းစေရန်အတွက် ရေလမ်းကြောင်း အထောက်အကူပြု အချက်ပြဖော်ယာများ မ/ချ ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများ၊ ကမ်းရိုးတန်း တစ်လျှောက် မီးပြတိုက်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ သင်္ဘောကြီးများကို တွန်း/ဆွဲခြင်းလုပ်ငန်းများ၊ မီးသတ်လုပ်ငန်းများအပြင် ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ တွင်ပါ အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဆိပ်ကမ်းလုပ်ငန်းသုံးရေယာဉ် (Harbour Launch) သုံးစင်းကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ စက်ဆန်းသင်္ဘောကျင်းတွင် တည်ဆောက်ခဲ့ပြီး ရန်ကုန်ဆိပ်ကမ်း ရေကြောင်းပြလုပ်ငန်းနှင့် Pilot ကြို/ပို့ လုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ မြေတူးနှင့် မြေခံရေယာဉ် နှစ်စုံ၊ လေးစင်းကိုလည်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ သိမ်ဖြူသင်္ဘောကျင်းတွင် တည်ဆောက်ခဲ့ပြီး ဆိပ်ကမ်းတံတားများရှေ့၌ လိုအပ်သည့်ရေအနက် ရရှိထိန်းသိမ်းနိုင်ရန် ကျားပါးစပ် သောင်တူးဖော်ခြင်းလုပ်ငန်းများတွင် အင်အားဖြည့် အသုံးချနိုင်တော့မည်ဖြစ်ပါသည်။

### ဆိပ်ကမ်းတံတားများကိုခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်

သို့ဖြစ်ရာ ဌာနအနေဖြင့်လည်း ရေယာဉ်များကို သက်တမ်းပြည့် အသုံးချနိုင်ရေးအတွက် စနစ်တကျ ထိန်းသိမ်းအသုံးချသွားမည်ဖြစ်ပါကြောင်း၊ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် နိုင်ငံ၏လူမှုစီးပွားဖြစ်ပေါ်ပြောင်းလဲမှုများ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့်စီးပွားရေးအသိုက်အဝန်းများအတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် နည်းပညာအရှိန်အဟုန်ဖြင့် တိုးတက်လာနေမှုများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး နှစ်စဉ် တိုးတက်လာနေသည့် နိုင်ငံ၏ကုန်သွယ်မှုလိုအပ်ချက်ပမာဏကို နိုင်နင်းစွာကိုင်တွယ် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဆိပ်ကမ်းတံတားများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရေလမ်းကြောင်းများကို ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရေးစီမံဆောင်ရွက်ခြင်း၊ ကုန်ကိုင်တွယ်စက်ကိရိယာများနှင့် လုပ်ငန်းသုံးရေယာဉ်များ၊ စက်ကိရိယာများ ဖြည့်တင်းခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များကို စုဆောင်းလေ့ကျင့်ပျိုးထောင်ပေးခြင်းနှင့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကိုလည်း ကုန်သွယ်မှုပမာဏ တိုးတက်မှုနှင့် လိုက်လျောညီထွေ ထိရောက်အကျိုးရှိစွာ အသုံးချခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ၏ Stakeholder များ ဖြစ်ကြသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပုဂ္ဂလိကဆိပ်ကမ်းတံတားများအနေဖြင့်လည်း ဝန်ဆောင်မှုစနစ်နှင့် စွမ်းဆောင်ရည်ကို နိုင်ငံတကာကုန်သွယ်မှုအတွက် လိုအပ်ချက် စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေ အဆင်သင့်ဖြစ်စေရန် ကောင်းသထက်ကောင်းအောင် အဆင့်မြှင့်တင် ပြောင်းလဲကျင့်သုံးခြင်း(Adaptation)နှင့် စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်လာနေသည့် နည်းပညာနှင့် စက်ကိရိယာများကို တပ်ဆင်အသုံးချပြီး အလုပ်တွင်၍ ဝန်ဆောင်မှုကောင်းစေရန် အထူးသဖြင့် ဒေသတွင်းမှ ခေတ်မီဆိပ်ကမ်းများနည်းတူ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation)နည်းလမ်းဖြင့် Electronic Port (e-Port) အဆင့်မှသည် ကုန်သွယ်မှု လိုအပ်ချက်နှင့် လိုက်လျောညီထွေစွာ Smart Port အဆင့်သို့ တက်လှမ်းနိုင်ရန် နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးမှုများနှင့်အတူ အားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။




ကောလင်းမြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ထိန်းချုပ်ထားနိုင်မှုကို တွေ့မြင်ရစဉ်။




KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကောလင်းမြို့အဝင်လမ်းအား ပိတ်ဆို့ထားပုံနှင့် ဈေးဆိုင်များအား ဘန်ကာဆောက်လုပ်ထားရှိမှု။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဘန်ကာများဆောက်လုပ်ထားရှိမှု။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အုပ်ချုပ်မှုအဆောက်အဦများအား မီးရှို့ဖျက်ဆီးထားရှိမှု။



KIA အဖွဲ့နှင့်PDFအမည်ခံအကြမ်းဖက်သမားများက ဈေးဆိုင်များ၊ လူနေအဆောက်အဦများအား ဖျက်ဆီးထားရှိမှု။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အုပ်ချုပ်မှုအဆောက်အဦများအား မီးရှို့ဖျက်ဆီးထားရှိမှု။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လူနေအဆောက်အဦများအား မီးရှို့ဖျက်ဆီးထားရှိမှု။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အဆောက်အဦများနှင့်မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးထားရှိမှု။

❂ *ကျော့ဖုံးမှ*

နေရပ်စွန့်ခွာသူ ဒေသခံများ၏ နေအိမ်များသို့ ဖောက်ထွင်းဝင်ရောက်၍ ပစ္စည်းများယူဆောင်ခြင်း၊ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။

အကြမ်းဖက်သမားများ အနေဖြင့် ကောလင်းမြို့အား စစ်ကိုင်းတိုင်းဒေသကြီး၏ တောင်ဘက်နှင့် မြောက်ဘက်ဆက်သွယ်မှုအရ အရေးကြီးသော မြို့ဖြစ်ခြင်း၊ ကောလင်းမြို့အနီးရှိ သဖန်းဆိပ်ဆည်ပတ်ဝန်းကျင်တွင် တရားမဝင်လုပ်ကိုင်လျက်ရှိသည့် ရွှေလုပ်ကွက်နှင့် ရေနံလုပ်ကွက်များကို ထိန်းချုပ်နိုင်သည့်နေရာဖြစ်ခြင်းတို့ကြောင့် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ကောလင်းမြို့သို့ အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်အကြမ်းဖက် လုပ်ရပ်ကျူးလွန်မှုအပေါ် နီးစပ်ရာတပ်ရင်း၊ တပ်ဖွဲ့ရှိ တပ်မတော်သားများနှင့် လှုပ်ရှားစစ်ကြောင်းတစ်ကြောင်းမှ တန်ပြန်ချေမှုန်းရေး ဆောင်ရွက်ခဲ့သော်လည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် ထီးချိုင့်မြို့အား အကြမ်းဖက်သမားများ၏ လက်အောက်သို့ မကျရောက်ရေး အတွက်လည်း အင်အားဖြန့်ခွဲ၍ စစ်ကူပစ်ကူ ပေးခဲ့ရခြင်းကြောင့် ကောလင်းမြို့အား တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များမှ သင့်တင့်သော အင်အားအသုံးပြု၍ ဝိုင်းပတ်ပိတ်ဆို့ထားရှိခဲ့သည်။

တစ်ချိန်တည်းတွင် ကောလင်းမြို့ခံ ဝန်ထမ်းများ၊ အရပ်သားများ အနေဖြင့် အကြောင်းမဲ့နေရပ်စွန့်ခွာထွက်ပြေးရမှု၊ အနိုင်ကျင့်ခံရမှုအပေါ် တုံ့ပြန်နိုင်ရေးနှင့် နှိပ်စက်မှုများကို လက်မခံနိုင်သည့်ကျေးရွာများမှ လူငယ်များ၊ လူလတ်ပိုင်းများ အနေဖြင့်လည်း ဝန်းသို၊ ကန့်ဘလူမြို့နယ်ရှိ နီးစပ်ရာတပ်ဌာနချုပ်များမှ လှုပ်ရှားလုံခြုံရေးအဖွဲ့နှင့် ပူးပေါင်း၍ မြို့ရွာကာကွယ်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် တောင်းဆိုမှုများအရ ရပ်ရွာလုံခြုံရေး၊ မြို့ရွာကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း၍ လည်းကောင်း၊ တပ်မတော်မှလည်း လိုအပ်သည့်စစ်ကူ၊ ပစ်ကူအင်အားများ ဖြည့်တင်းခြင်းအား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ စတုတ္ထအပတ်မှ ၂၀၂၄ ဇန်နဝါရီလ တတိယအပတ်အထိ လည်းကောင်း ပြင်ဆင်လေ့ကျင့်ခြင်းနှင့် လိုအပ်သည့် စုဖွဲ့မှုများကို ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ အင်အားစုဖွဲ့ပြီးနောက် တပ်မတော်စစ်ကူစစ်ကြောင်းများ အနေဖြင့် ကောလင်းမြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter– Terr–orism Operation) ဆောင်ရွက်ရန်အတွက် ဇန်နဝါရီ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့သို့ ရောက်ရှိကြရာ မြို့မိ၊ မြို့ဖများ၊ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုအားပေးခဲ့ကြသည်။ ထိုမှတစ်ဆင့် တပ်မတော်စစ်ကြောင်းများသည် ကောလင်းနယ်မြေအတွင်းသို့ စနစ်တကျဖြင့် အဆင့်ဆင့်ခြေကုပ်ယူ၍ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများဖြင့် ချီတက်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲ ၁၈ ကြိမ် ဖြစ်ပွားခဲ့ပြီး ကောလင်းမြို့အား ယနေ့တွင် အပြီးတိုင် ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့သည်။

အကြမ်းဖက် သမားများ အနေဖြင့် ကောလင်းမြို့အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ လူနေအိမ်များတွင် တာယာကွင်းများ၊ သဲအိတ်များစီ၍ ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်အဆောက်အဦများအကြားနှင့် အများပြည်သူ သွားလာအသုံးပြုသည့်ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE) နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ စနစ်တကျစုဖွဲ့၍ ချီတက်တိုက်ခိုက်ချေမှုန်းခဲ့မှုများကြောင့် အကြမ်းဖက်သမားများသည် လူနေအိမ်များနှင့် ဌာနဆိုင်ရာအဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိတွေ့မှုများ ဖြစ်ပွားစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကျဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှ လက်နက်ကြီး၊ လက်နက်ငယ်များ၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမား ရုပ်အလောင်းအချို့နှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် ***စာမျက်နှာ ၁၉ သို့***

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး (ယာပုံ) အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ် သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြင်ဦးလွင်မြို့နယ်အတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုထောက်ခံအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**
လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့/ရွာများနှင့် နိုင်ငံတော်ပိုင်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ ၎င်းတို့အား မထောက်ခံသည့် ဒေသခံပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လမ်း/တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။



ထိုသို့ လုပ်ဆောင်နေသည့် လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ အေးချမ်းသာယာစွာ နေထိုင်နိုင်ရေးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ဖြင့် တိုက်ခိုက်ချေမှုန်းလျက်ရှိပြီး နယ်မြေလုံခြုံရေးတာဝန်များကို နေ့ညမပြတ် ထမ်းဆောင်လျက်ရှိသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ကာကွယ်စောင့်ရှောက်နေပြီး လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြင်ဦးလွင်မြို့၌ သံဃာတော်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက အောင်သပြေပန်းများ၊ ပန်းကုံးများ၊ အိုးစည်ဒိုးပတ်များဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုထောက်ခံ အားပေးလျက်ရှိပြီး(ဝဲပုံ) လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း နယ်မြေတည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးရရှိအောင် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter Terrorism Operation)ကို ဂျီနီဗာကွန်ဗင်းရှင်း (၄) ရပ်ကို အခြေခံသော လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ဥပဒေ(Law Of Armed Conflict) ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်း (Rules Of Engage-ment–ROE) အတိုင်း ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

အဲဗာတန်အသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ် ၂၄ ပွဲတွင် ရှုံးပွဲ ၁၁ ပွဲအထိ ရှိလာပြီ ဖြစ်သည်။ မန်စီးတီးအသင်းက ယခုပွဲ အနိုင်ရရှိမှုကြောင့် ၂၃ ပွဲကစားပြီး ရမှတ် ၅၂ မှတ်ဖြင့် ပရီမီယာလိဂ်ဖလားဆွတ်ခူးရေး အားကောင်းလာပြီ ဖြစ်သည်။

မန်စီးတီး အသင်းသည် လာမည့်ပွဲစဉ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ကိုပင်ဟေဂင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အဲဗာတန်အသင်းက လာမည့်ပွဲစဉ်တွင် ပရီမီယာလိဂ်၌ ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားပွဲစဉ်များတွင် လီဗာပူးက ဘန်လေကို သုံးဂိုး – တစ်ဂိုး၊ ဖူလ်ဟမ်က ဘုန်းမောက်ကို သုံးဂိုး–တစ်ဂိုး၊ စပါးက ဘရိုက်တန်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပြီး လူတန်က ရှက်ဖီးကို သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ကာ ဝုလ်ဖ်ကိုလည်း ဘရန့်ဖို့ဒ်က နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသည်။

**အောင်ဇော်**

*စာမျက်နှာ ၁၈ မှ*

အသုံးပြုသည့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

### မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သမားများ၏ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းကြောင့် မြို့တွင်းရှိ အဆောက်အဦများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ၎င်းတို့ထောင်ထားခဲ့သည့် မိုင်းများကြောင့် အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

### ပြန်လည်ထူထောင်ရေးလုပ်ငန်း စီမံဆောင်ရွက်လျက်ရှိ

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကောလင်းမြို့မှ နေရပ်စွန့်ခွာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများ ဖယ်ရှား ရှင်းလင်းပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကန့်ဘလူမြို့နယ်သို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနေစဉ်။



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးရုံးနှင့် ကားများအား မီးရှို့ဖျက်ဆီးထားရှိမှု။

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အဆောက်အဦများအား မီးရှို့ဖျက်ဆီးထားရှိမှု။



## အင်းစိန်မြို့နယ်၌ စာပေဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း စံပယ်ခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ပြည့်စုံရေး စာပေဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်ရာ အင်းစိန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးဘိုကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က ဟောပြောပွဲနှင့် ပြိုင်ပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် မြို့နယ်စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဒေါက်တာ ဗိုလ်သံမဏိ (တောင်တွင်းကြီး)က စာပေရေးရာဟောပြောပြီး ကျပန်းစကားပြောပြိုင်ပွဲ ဆုရကျောင်းသူကျောင်းသားများနှင့် မြို့နယ်အဆင့် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အမှတ်(၂၉)၊ နဂါးနီ(၁)လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မြေပေါ်တွင်ဆောက်လုပ်ထားသော (၅)ထပ်ခွဲတိုက်၏ စတုတ္ထထပ်၊ (၅)လွှာ၊ ခေါင်းရင်းခန်း၊ ရေမီးအစုံ၊ BCC ပါရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူဟုဆိုသူ ဦးဇော်မင်း (ဘ) ဦးတင်စိုး မှတ်ပုံတင်အမှတ် (၁၂/ခရန(နိုင်)၀၁၀၁၅၁) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက (၈-၂-၂၀၂၄) ရက်နေ့တွင် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေ၍ တရားဝင် ဝယ်ယူထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ကြော်ငြာပါပြီး (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဆိုင်းတောင် အထက်တန်းရှေ့နေ (စဉ်-၄၃၁၆၁)
တိုက်-ဘီ(၁၄)၊ အခန်း(၄၀၂)၊ ရွှေကမ္ဘာအိမ်ရာ(၂)လမ်း၊
မင်းဓမ္မလမ်းမ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph-09-795095716

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း


ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၃)လမ်း၊ အပိုင်း(၄)၊ အမှတ်(၆၉၉)၊ (၂)ခန်းတွဲ RC (၆)ထပ်အဆောက်အအုံ၏ ပဥ္စမထပ် (၆ လွှာ)A(တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း)အခန်း၊ ဧရိယာ(၅၄၀.၅) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်မောင်မောင်ဦး (၁၂/သဃက(နိုင်)၁၅၅၈၇၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသိန်းမင်းထွေး (၁၀/ပမန(နိုင်)၂၀၆၈၆၂)က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသိန်းမင်းထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,D.I.P.L,WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)
အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph-09-765602290


## နမ့်တိန်းချောင်းကူးကြိုးတံတားတည်ဆောက်ရေးလုပ်ငန်းအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်

**လင်းခေး ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ပုန်းတွန်ကျေးရွာအုပ်စုအတွင်း ဝမ်ကွန် - ပန်ကျိုင်းကျေးရွာချင်းဆက် နမ့်တိန်းချောင်းကူး ကြိုးတံတားကို ဒေသခံများက တည်ဆောက်လျက်ရှိရာ ကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်စွာပြီးစီးနိုင်ရေးအတွက် အလှူငွေများ လိုအပ်လျက်ရှိကြောင်း ပန်ကျိုင်းကျေးရွာ ရာအိမ်မှူး ဦးစိုင်းလှမြင့်က ပြောသည်။



ယခုတည်ဆောက်ဆဲ ကြိုးတံတားကို ရပ်ဝေးရပ်နီးနေ အလှူရှင်၊ စေတနာရှင်များ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်းက စတင်တည်ဆောက်ခဲ့ရာ တံတားတည်ဆောက်ရေးလုပ်ငန်း ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဟု ဆိုနိုင်ကြောင်း၊ တံတားမှာ အရှည် ပေ ၂၀၀၊ အကျယ် ရှစ်ပေရှိပြီး ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၂၀၀၀ ဖြစ်၍ အလှူငွေလိုအပ်လျက်ရှိကြောင်း၊ အလှူငွေရရှိမှုအပေါ်မူတည်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် တံတားတည်ဆောက်ရေးလုပ်ငန်းများပြီးစီးရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းအတွက် အလှူငွေထည့်ဝင်လိုပါက ပဓာနနာယကဆရာတော်၊ ဘဒ္ဒန္တ ဝိမလာဘိပါလ၊ မဟာဝိဟာရ စာသင်တိုက် လင်းခေးမြို့ ဖုန်း ၀၉-၄၄၅၅၀၂၇၇၁၊ ဘဒ္ဒန္တမုနိန္ဒ၊ ဝမ်ကွန်ကျောင်း လင်းခေးမြို့ ဖုန်း ၀၉-၂၅၈၉၅၁၂၃၃ နှင့် ဦးစိုင်းလှမြင့် ရာအိမ်မှူး ပန်ကျိုင်းကျေးရွာ လင်းခေးမြို့နယ် ဖုန်း ၀၉-၄၅၅၄၈၂၅၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**


### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/5687 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၆၅၅၀၈, Yamaha -150 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ Eight Cloud Public Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/88870, Honda Scoopyi -110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဆွေ ၉/ညဥန(နိုင်)၀၁၀၀၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/63827, Zhineng 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းဇော် ၁၄/မမန(နိုင်)၂၄၆၀၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 69W/63827, Zhineng 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းဇော် ၁၄/မမန(နိုင်)၂၄၆၀၁၂ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွ နံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/51791, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဟိန်း ၁၄/အမန(နိုင်)၀၇၄၇၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

**သွေးသည် အသက်**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၂၅ ကျပ် | ၂၇၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၇၀ ကျပ် | ၂၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၀၅ ကျပ် | ၂၈၅၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် အောင်မြေလမ်းကို ဖေဖော်ဝါရီ ၉ ရက်မှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ကွန်ကရစ်လမ်း ခင်းကျင်းစဉ်။ ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၁၃၅ | ၁၁၆၇၉၀၀ |
| MTSH | ၂၉၅၀ | ၂၈၅၀ | ၁၀၈၄၉၆ | ၂၈၉၂၆၅၁၅၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၁၄ | ၁၁၁၅၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၀၉၈ | ၁၆၅၂၂၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁ | ၂၅၀၀ |
| EFR | ၁၈၅၀ | ၁၉၀၀ | ၄၁၀ | ၇၅၉၀၀၀ |
| AHPC | ၄၇၀၀ | ၄၈၀၀ | ၂၁ | ၁၀၀၇၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၃၃၇၉ | ၅၈၂၂၆၅၀ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/5868, Shwe Mann Star L/T (SMS-005)Pickup(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၈/မကန(နိုင်)၂၃၈၀၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ ကြည်စုရပ်ကွက်၊ ဇေယျာသိဒ္ဓိလမ်း မြေကွက်အမှတ်-၁၆၈ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃ ၁/၂)တိုက်၏ ဒုတိယထပ်၊ (၃ လွှာ) အခန်းအမှတ် - A4 (တိုက်ရှေ့မျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း)၊ ဧရိယာ (၅၄၀.၅ စတုရန်းပေ) အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် ယင်း တိုက်ခန်းနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ၍လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မာလာနွယ် (၈/မထန(နိုင်)၀၉၂၉၉၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းနှင်းဝေ (၅/စကန(နိုင်)၀၂၃၅၇၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နှင်းနှင်းဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း (LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/53289, Kenbo-125,M/C ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဂဂ-၄၊ ဦးပိုင်အမှတ် (၈၆)/၅၆ x ၅၇ကြား၊ Bနှင့် အနော်ရထာလမ်းကြားရှိ ဦးခင်မောင်သန်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးကျော်ထွန်း၊ ဒေါ်လောချွန်တို့က တရားပြိုင် ဦးခင်မောင်သန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၀၃/၂၀၂၃) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးကျော်ထွန်း ၁၃/လလန (နိုင်)၀၀၂၇၈၆၊ ဒေါ်လောချွန် ၁/ဗမန(နိုင်)၀၄၂၃၈၂ တို့က တောဂရန်၊တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မဟာစည်တိုးချဲ့ရပ်ကွက်အတွင်းရှိ မြေကွက်အမှတ်(၁၃၅)သည် မဟာစည်တိုးချဲ့ရပ်ဖော်ထုတ်ရေးဦးစီးကော်မတီမှ တကကထွန်းဘီ/၃၇၆၄၂၀(ခမရ-၁၁၃)အား မြေနေရာချထားပေးခဲ့သော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်သူ ဦးကိုကိုဇော်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုမွန်လှိုင်မှ ကာလတန်ဖိုးတစ်ရပ်ဖြင့်(၉-၂-၂၀၂၄)ရက်၌ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုမွန်လှိုင်မှ အဆိုပါ မြေကွက်အမှတ်(၁၃၅)အား မိမိသာလျှင် တရားဝင်လက်ရှိလက်ရောက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ယုမွန်လှိုင်** | **ဦးဇော်အောင်လွင် LL.B၊ တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၆၇၆၆** |
| **၉/မထလ(နိုင်)၂၁၆၇၅၃** | **ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မဟာစည်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့။** |
| | **ဖုန်း-၀၉-၄၄၂၂၀၀၃၅၃** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉)၊ Brilliance Mansion Condominium ၊ Building (R62)၊ Basement+RC(၁၂)ထပ် အဆောက်အအုံ၏ 3 လွှာအခန်း၊ အခန်းအမှတ်(၀၃-၀၆)၊ ဧရိယာ(၉၄၄.၃၂) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော RED ROOF INVESTMENT DEVELOPMENT CO.,LTD (ကိုယ်စား) (Assistant Manager) ဒေါ်သင်းနုနုနိုင် (၁၃/တကန(နိုင်)၃၀၅၉၂၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်သင်း (၁၂/လမတ(နိုင်)၀၁၄၉၇၁)၊ ဒေါ်ခင်သန္တာအေး(၁၂/မရက(နိုင်)၀၀၃၅၃၄)တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်သင်း၊ ဒေါ်ခင်သန္တာအေးတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,D.I.P.L, WIPO (Switzerland)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-765602290**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၂၄၂)၊ ဦးပိုင်အမှတ် (၁၄-ခ)၊ ၂၆ လမ်း၊ ၈၇x၈၈ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ကိုအောင်တင်၊ အမလေး အမည်ပေါက်သူ (၂)ဦးအနက်၊ ခင်ပွန်းဖြစ်သူ ဦးအောင်တင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၁၅၀/၂၀၀၄)ဖြင့် အမွေဆက်ခံခဲ့သူ (ဇနီး) ဒေါ်အမလေးမှ မှတ်ပုံတင်လှူဒါန်းစာချုပ်အမှတ် (၂၁၅၁/၂၀၀၄) ဖြင့် သီတဂူသာသနာပြုအဖွဲ့ (ကိုယ်စား ဦးစိန်မူ(အတွင်းရေးမှူး)၊ ဦးကံတင် (တွဲဘက်အတွင်းရေးမှူး)၊ ဦးတင်မောင် (ဘဏ္ဍာရေးအဖွဲ့)ထံသို့ လှူဒါန်းခဲ့ပါသည်။ လှူဒါန်းခြင်းလက်ခံသူ သီတဂူသာသနာပြုအဖွဲ့မှ ကိုယ်စား (၁၃-၇-၂၀၂၃) ရက်စွဲပါ အစည်းအဝေးမှတ်တမ်းအရ ဒေါက်တာမောင်မောင်လေး၊ ဦးကြည်ဝင်းတို့မှ တာဝန်ယူလက်မှတ်ရေးထိုးပါသည်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၉၄၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဟိန်းသူ ၉/မဟမ(နိုင်)၀၃၉၁၁၆ (ကိုယ်စား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ GP ရရှိသူ ဦးအောင်နိုင်ဆွေ)၊ ဦးငြိမ်းခန့်ကျော် ၉/မဟမ(နိုင်)၀၅၃၉၀၈ တို့က အမှုတွဲအမှတ် ၀၇၇၅/ဘ(ပြောင်း) ၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေစားအမွေခံ သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ဘိုးရာဇာရပ်ကွက်နေ ဦးလှစိုးနှင့် ဒေါ်မှတ်တို့၏သမီးဖြစ်သူ မမြင့်မြင့်အုံး ၁၀/ဘလန(နိုင်) ၀၇၃၁၉၁ သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော ငွေကြေးအပါအဝင် မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘများ- ဦးလှစိုး-ဒေါ်မှတ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/73821, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19U/5811, KING ELEPHANT 125, (125CC) 3Wheel M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဖေ ၉/စကတ (နိုင်) ၀၇၃၃၁၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၃၊ ဦးပိုင်အမှတ်(၈၁)/၅၇ x ၅၈ ကြား၊ ၃၈ x ၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချိုချိုဝင်း ၉/မနတ(နိုင်)၀၀၉၁၀၉ ၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၄၄၈/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရွှေအိမ် ၁၃/နမတ(နိုင်)၀၃၀၇၅၄ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် ၄၉၂.က၊ ဦးပိုင်အမှတ်(၂၆)၊ ၅၅ x ၂၃ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမိုးမြင့်အောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၄၀၈၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စန်းဝင်း ၁၃/နခန(နိုင်)၀၀၇၅၁၇ က အမှုတွဲအမှတ် ၇၁၀၉/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ-၇၊ ဦးပိုင်အမှတ်(၁၀.ခဲစင်း)၊ ၆၈ x ၆၉ လမ်း၊ သာယာဝတီလမ်း x မြဝတီမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းမောင် ၉/ပသက(နိုင်)၀၁၆၄၄၃ ၏ (SP ရရှိသူ ဦးစိုးမင်း)က အမှုတွဲအမှတ် ၇၁၁၄/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် H-၂၁၉၊ ဦးပိုင်အမှတ် (၈၀)၊ ၅၆ x ၅၇ လမ်းကြား၊ ၁၃၈(စီ)လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မိမိနိုင်၏ (S.P ရရှိသူ ဦးဇော်ထွေး-ငြိမ်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၀၃၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မျိုးမျိုးဦး ၁/ဗမန(နိုင်)၀၄၁၈၄၈ က အမှုတွဲအမှတ် ၇၁၁၆/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၁၀)လမ်း၊ တိုက်အမှတ် (၁၇)၊ ဒု- ထပ်(B)နေ ဦးမြသန်း ၁၂/သဃက (နိုင်)၀၅၁၃၀၅၏သားဖြစ်သူ မောင်ရဲရန်အောင်(ခ)မောင်ရဲနိုင်လင်း ၁၂/သဃက(နိုင်)၁၅၄၅၄၅ သည် မိဘ၏ ဆိုဆုံးမမှုအား မနာခံဘဲ မိဘစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်အပြီးအပိုင် စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မင်းသိန်း (LL.B)** | **ဦးကိုကိုဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၄၄၂/၁၇-၅-၂၀၁၈)** | **(စဉ်-၅၃၈၈၀/၂၀-၁၁-၂၀၂၀)** |
| **အမှတ်(၅၄)၊ မင်းရဲကျော်စွာ(၃)လမ်း၊** | **အမှတ် (၆၀၄)က၊ ထင်းရှူးမြိုင်လမ်း၊** |
| **(၇၁)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)** | **၂၀ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)** |
| **မြို့နယ်။ ဖုန်း-၀၉-၅၀၆၃၉၇၇** | **မြို့နယ်။ ဖုန်း-၀၉-၉၇၈၃၀၈၄၀၂** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(ပ/၁၃၉) ဟုခေါ်တွင်သော အကျယ်အဝန်း (၃၉ x ၆၀) ပေနှင့် နောက်၌ရှိသော ဆက်စပ်ပါမြေ အနံ(၂၀၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ဖြူသင်းနု ၁၂/ကမရ(နိုင်)၀၆၀၈၄၄ မှတရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းထွန်းကျော် ၉/မတရ(နိုင်)၀၂၃၆၆၇ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏ မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းထွန်းကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးဝင်းဆွေ၏ သား မောင်အောင်သူမြင့် ၈/ပခက (နိုင်)၂၇၁၇၅၁၏ နိုင်ငံကူးလက်မှတ် MD-240110450 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၂၀၉၇၄၁၀**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးဇော်နိုင်၏ သား မောင်ညီသက်နိုင် ၈/ဂဂန(နိုင်) ၁၁၉၂၈၁၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၈၃၅၆၇၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၃၈၊ ဦးပိုင်အမှတ်(၅-င)/၉၁ လမ်း၊ ၂၆ x ၂၇ လမ်းကြားရှိ ဘိုးဘပိုင်မြေကွက်အမည်ပေါက်သူ ဒေါ်နီနီအေး ၉/မနတ(နိုင်)၀၇၂၁၃၅ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၈၂၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နီလာအောင် ၅/အရတ(နိုင်)၀၈၇၆၄၆ က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဓ)ရပ်ကွက်၊ အကွက်အမှတ် နန-၁၁၊ ဦးပိုင်အမှတ်(၁၅)၊ ၆၁ x ၆၂လမ်း၊ ၁၃၂ x ၁၃၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရှိလင်ရင်(ခ)ဦးဟိန်း၏(SP ရရှိသူ ဦးဝင်းမောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၄၁၇၁/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သဉ္ဇာမိုး ၉/မကန(နိုင်)၁၃၄၈၅၅ က အမှုတွဲအမှတ် ၇၁၁၅/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၉၊ ဦးပိုင်အမှတ်(၂၆)ခဲစင်း အနောက်ဘက်ခြမ်း၊ ၅၁ x ၅၂ ကြား/၁၀၇ x ၁၀၈ လမ်းကြားရှိ တသလုငွေ အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်နန်း ဖြူဖြူအေးက တရားပြိုင် တပ်သား ဦးလှငွေအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှု အမှတ်(၃၅/၂၀၂၃) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်နန်းဖြူဖြူအေး ၁၃/နခန (နိုင်)၀၃၇၈၀၄ က တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ ခဲစင်းပြမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၉၊ ဦးပိုင်အမှတ်(၄၀)၊ ၁၁၂.B x ၁၁၂.C လမ်း၊ ၅၀ x ၅၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလိကျန်(ခ)မောင်အေး၏(SPရရှိသူ ဒေါ်ရန်ကြားလီ(ခ)နန်းကြယ်လီ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၃၅၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွဲ့အိခိုင် ၉/မဟမ(နိုင်)၀၄၃၁၇၇ က အမှုတွဲအမှတ် ၇၁၁၁/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၉၊ ဦးပိုင်အမှတ်(၃၉)၊ ၁၁၂.B လမ်း x ၁၁၂.C လမ်း၊ ၅၀ x ၅၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလိကျန်(ခ)မောင်အေး၏(SPရရှိသူ ဒေါ်ရန်ကြားလီ(ခ)နန်းကြယ်လီ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၃၅၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွဲ့အိ ခိုင် ၉/မဟမ(နိုင်)၀၄၃၁၇၇ က အမှုတွဲအမှတ် ၇၁၁၀/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၄၁၇၊ ဦးပိုင်အမှတ် (၈၈.တ)ခဲစင်း၊ ၁၉ x ၂၂ ကြား၊ ၆၀ x ၆၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နီလာမင်း MGE-၁၄၄၂၇၆၊ ၉/မနမ(နိုင်) ၀၅၇၃၉၅၊ ဦးပိုင်စိုးမင်း ၉/မနမ(နိုင်)၀၅၉၉၂၁၊ MDYNW-၀၁၇၆၅၁၊ ဒေါ်ခင်ကျော့မင်း ၉/မနမ(နိုင်)၀၅၇၃၉၀၊ MGE-၁၅၃၉၆၀၊ ဒေါ်နုယဉ်မင်း(ခ)ဒေါ်နုရင်မင်း ၉/မနမ(နိုင်)၀၀၄၉၃၆၊ ဒေါ်သက်မြတ်မင်း ၉/ပဥလ(နိုင်)၀၄၀၈၁၄ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၆၈၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးဝင်း ၉/မနမ(နိုင်)၀၀၇၆၀၆ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အမှတ် (၉) ရပ်ကွက်၊ သူရိယ (၂)လမ်းနေ မမြသဲနု ၁၄/ဘကလ(နိုင်) ၃၆၈၁၃၉၏ ဖခင်အမည်မှန်မှာ ဦးမြလင်း ၁၄/ဘကလ(နိုင်) ၁၈၅၅၂ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 46W/88870 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/58678, Honda Click–150,M/C ယာဉ်လက်ဝယ်ရှိသူ KZ Shin Htet Co.,Ltd က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် (၃၃၈)၊ ဦးပိုင်အမှတ် ၈–ဃ(ခဲစင်း)၊ ၃၈လမ်း၊ ၉၁ x ၉၂ လမ်းကြားရှိ မောင်ညိုချော၊ မမြကြင်၊ မမြရင် အမည်ပေါက် ဘိုးဘမြေကွက်အား (ဖခင်) ဦးညိုချော (မိခင်) ဒေါ်ဒေါင်းရင်၊ ဒေါ်မြကျင်(ခ)ဒေါ်မြကြင် (အပျိုကြီးဘ၀)၊ ဒေါ်မြရင်(ခ)ဒေါ်မြရီ (အပျိုကြီးဘ၀)၊(သား)ဦးတင်မောင်အေးတို့အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၆၃၈/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သူ ဒေါ်ခင်ငွေး၊ ဒေါ်ခင်အေး၊ ဒေါ်ဝင်းကြူတို့(၃)ဦးအနက် ဒေါ်ခင်အေးပါ(၂)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၃၅၁၉/၂၀၂၂) ဖြင့် စွန့်လွှတ်ခြင်းကို ဒေါ်ခင်ငွေးက လက်ခံခဲ့ပါသည်။ စွန့်လွှတ်ခြင်းလက်ခံသူ ဒေါ်ခင်ငွေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၇၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချိုချိုစန်း ၉/မနတ(နိုင်)၀၅၇၅၃၆၊ ဒေါ်ချိုခိုင်ဝင်း ၉/မနတ(နိုင်)၀၅၆၀၉၂ တို့က အမှုတွဲအမှတ် ၀၇၇၆/ဘ(ပြောင်း)/၂၀၂၃–၂၀၂၄ ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၅)၊ အကွက်အမှတ် (၂၅/တရုတ်ဈေးတန်း)၊ ဦးပိုင်အမှတ် (၂၃/၅၇)၊ မြေချိန်ဧရိယာ(၀.၁၇၃)ဧက၊ ဦးဆန်လှိုင်ထွန်း ၁၃/လရန(နိုင်)၁၀၁၉၄၀ ဂရန်အမည်ပေါက် မြေအတွင်းမှ (၉၀ x ၅၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်နန်းခမ်းလူ ၁၃/လရန(နိုင်)၀၉၁၂၃၇ က ကာလတန်ဖိုးသင့်၍ ရောင်းချရန် ကမ်းလှမ်းရာ ဒေါ်ရန်လီလွေ ၁၃/လရန(နိုင်)၁၈၉၃၆၃ က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း စစ်မှန်သော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရန်လီလွေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လဲ့ရည်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ**
**အမှတ် (၃/၉)၊ ပဒုမ္မာလမ်း၊ နယ်မြေ (၃)၊ ရပ်ကွက် (၄)၊ လားရှိုးမြို့။**
**ဖုန်း–၀၉–၂၆၅၃၁၀၂၁၃၊ ၀၉–၆၉၆၉၄၁၉၂၂**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ(၁)ရပ်ကွက်ရှိ လွန်ခဲ့သော (၁၅)နှစ်ခန့်မှစ၍ ယနေ့တိုင် လက်ရှိထားအသုံးပြုလျက်ရှိသော နေအိမ်အဆောက်အအုံနှင့် အလျားပေ(၁၃၀)၊ အနံပေ(၆၀)ပါ မြေကွက်ကို ခေတ်သစ်မြန်မာကိုယ်ပိုင်အထက်တန်းကျောင်းအဖြစ် အသုံးပြုရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်နိုင်ထွန်းက ငှားရမ်းခဲ့ပါသည်။

စာပေအသိဉာဏ် ပညာကြွယ်ဝစေခြင်းဖြင့်သာ လောကကို မှန်ကန်ကောင်းမွန်စွာ သိနားလည်အကျိုးပြုစေနိုင်သည်ဟူ၍ ကျွန်ုပ်တို့က ယုံကြည်ပါသည်။

ဤကျောင်းနှင့်ပတ်သက်သော ပိုမိုကောင်းမွန်သည့် ဥပဒေရေးရာဆောင်ရွက်မှုများအားလုံးကို ကျွန်ုပ်တို့မှ စေတနာမေတ္တာဖြင့် ကူညီအားဖြည့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ကျော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်(၈၃၁၂)**

**ဒေါ်နှင်းနှင်းဦး (LL.B, D.B.L)** — **ဦးမျိုးမြင့် (LL.B)**
**အထက်တန်းရှေ့နေ စဉ်(၃၇၇၄၂)** — **အထက်တန်းရှေ့နေ စဉ်(၄၄၈၆၃)**

**No.(E–3)၊ ၂၉ လမ်း၊ ၇၀x၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း–၀၉–၄၀၂၅၀၃၂၂၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ် (၁၀၀၀)၊ မြေအလျား x အနံပေ (၄၀ x ၆၀)ရှိ မြေချပါမစ်တွင် ဦးခင်အေး (၁၂/ကမတ(နိုင်)၀၃၈၇၀၄)က အမည်ပေါက်ပြီး ၎င်းပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက် ဦးခင်အေးထံမှ ဆက်စပ်အရောင်းအဝယ် စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မင်းမင်းဦး (၁၂/မဂတ(နိုင်)၀၇၅၁၁၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးစိုးအေး (၁၂/ဥကတ(နိုင်)၁၃၃၃၁၃) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ် စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ ယင်းနေ့သတ်မှတ်ရက်ကျော်လွန်က ဤမြေကွက်အရောင်းအဝယ်ကို အပြီးအပိုင်ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ အပြီးအပိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်စိုးစိုးအေး ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စုစုအောင် (LL.B)** — **ဒေါ်ဖွေးလဲ့ဖြူ (LL.B)**
**(စဉ်–၁၃၄၉၈/၂၀၁၇)** — **(စဉ်–၅၃၁၃၁/၂၀၂၀)**
**(တရားလွှတ်တော်ရှေ့နေ)** — **(အထက်တန်းရှေ့နေ)**

**အမှတ်(၃၃၂)၊ ဒုတိယထပ်၊ သီလ(၁၀)လမ်း၊ (၄)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၇၇၈၉၄၀၂၀၆**

## ကြော်ငြာစာ

